ရောင်းမှု

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (31-1-2016) (စဉ်၆၂)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃ဝကေဗွီ ပုသိမ်(ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲတက်ရောက် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအခြေအနေများ ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃ဝ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ၂၃ဝ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြေးမုံ စာတည်းရှေ့ဆောင် ၃၁-၁-၂၀၁۶၊ တနင်္လာနေ့

ကမ္ဘာမြေကို စောင့်ရှောက်ကြပါစို့

ဤကမ္ဘာတွင် ရာသီဥတုပြောင်းလဲခြင်း၏ စိန်ခေါ်မှုကို အပြင်းအထန် ရင်ဆိုင်နေရသည်။ လက်တွေ့ရင်ဆိုင်ကြုံတွေ့နေကြရသူများမှာ ကမ္ဘာပြည်သူများပင်ဖြစ်သည်။ နောင်နှစ်ပေါင်းများစွာကာလတွင် ကမ္ဘာကြီးပျက်စီးသွားသယောင် ထင်မှတ်ရသည်။ ထို့ကြောင့် ကမ္ဘာမြေမပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လာသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကမ္ဘာမြေမပျက်စီးစေရေး၊ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်မယိုယွင်းစေရေး အလေးထားဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်း၊ တားဆီးကာကွယ်ခြင်း စသည်တို့ကို ဆောင်ရွက်နေသော်လည်း ကမ္ဘာမြေကြီး ဆက်လက်ပျက်ယွင်းနေသည်မှာ အဘယ်ကြောင့်ပါနည်းဆိုသည်ကို အသေအချာ ဝေဖန်သုံးသပ်ဆန်းစစ်သင့်ပြီဟု ဆိုချင်ပါသည်။ အလေးထားကာကွယ်စောင့်ရှောက်သင့်သည်ဟုလည်း ရှုမြင်ပါသည်။

ဤကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ပေးခြင်းသည် ကမ္ဘာသူ ကမ္ဘာသားများ ဤကမ္ဘာမြေပေါ်တွင် ကောင်းမွန်စွာနေထိုင်နိုင်ရန်အတွက်ဖြစ်သည်။ ဤကမ္ဘာမြေပေါ်တွင် အသက်ရှည်ချမ်းသာစွာ နေထိုင်နိုင်ရန်အတွက်ဖြစ်သည်။ လူသားများအတွက် ဤမျှအရေးကြီးသော ကမ္ဘာမြေထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ရမည်မှန်သော်လည်း ကိုယ်ကျိုးစီးပွားများကိုရှေးရှုကာ မေ့လျော့နေဟန်တူပေသည်။

ကမ္ဘာမြေ၏ လူသားများကို အကျိုးပြုပုံမှာ ပြောပြ၍ကုန်မည်မထင်ပါ။ ကမ္ဘာမြေ၏ လူသားအပေါ်တွင်တင်ရှိသည့် ကျေးဇူးတရားများမှာလည်း ဆပ်၍ပင်ကုန်နိုင်မည်မထင်ပါ။ ထို့ကြောင့် ကမ္ဘာမြေကြီးကို ကန်တော့သည့် လူအချို့ရှိခဲ့ဟန်တူသည်။ ယခုကမ္ဘာမြေကို ကျေးဇူးဆပ်ရန်မဆိုနှင့်၊ ကိုယ်ရပ်တည်နေသော ကိုယ့်မြေကိုပင် နင်းချေဖျက်ဆီးနေကြသူများ များပြားလာခဲ့သည်။

ယင်းတို့သည် အတောမသတ်နိုင်သော လောဘဇောများကြောင့်ဖြစ်သည်။ အမှန်တွင် ကမ္ဘာမြေကို မှန်ကန်စွာ အသုံးချနိုင်ပါသည်။ မိခင်နှင့်တူသော ကမ္ဘာမြေကြီးက ခွင့်ပြုပေးထားပါသည်။ မြေပေါ်၊ မြေအောက် သယံဇာတများမှာ ကမ္ဘာလူသားများအသုံးပြုရန်အတွက်ဖြစ်ပါသည်။ ကမ္ဘာဦးအစမှ ရှေးဦးကာလများအထိ ကမ္ဘာမြေကို လူသားများအသုံးပြုခဲ့ကြပါသည်။ ကမ္ဘာမြေမပျက်စီးခဲ့ပါ။ ယခုအခါ ကမ္ဘာမြေကို အလွန်အကျွံအသုံးချသောကြောင့် ကမ္ဘာမြေပျက်စီးလာပါပြီ။

ကမ္ဘာမြေကို နည်းမှန်၊ လမ်းမှန်အသုံးချစေချင်ပါသည်။ ကမ္ဘာမြေကို မပျက်စီးအောင် အသုံးချစေလိုပါသည်။ မြေပေါ်သစ်တောနှင့် မြေအောက် သယံဇာတများကို စနစ်တကျအသုံးချနိုင်ပါသည်။ ပြန်လည်ပျိုးထောင်နိုင်ပါသည်။ ကုန်ခန်းသွားနိုင်သော မြေမှုဖြစ်သည့် သယံဇာတများနှင့် ကုန်ခန်းမသွားနိုင်သောမြေမှုဖြစ်သည့် သယံဇာတများကို ခွဲခြားသိမြင်လုပ်ကိုင်သင့်ပါသည်။

လူသားတို့အား သဘာဝကပေးထားသော မြေသယံဇာတများကို ပြန်လည်သုံးသပ်ကာ စနစ်တကျအသုံးချရန် လိုအပ်နေပါပြီ။ မြေသယံဇာတများ မပျက်စီးအောင် ထိထိရောက်ရောက်တားဆီးဖို့ လိုအပ်လာပါပြီ။ သဘာဝပျက်ယွင်းမှုကိုအကြောင်းပြု၍ မြေသယံဇာတများကို အသုံးချရာ၌ လူသားအကျိုးပြုမှုကို ကန့်သတ်ခွဲခြားဖို့ လိုအပ်လာပါသည်။

လူသားများ မဖြစ်မနေအသုံးပြုသော မြေသယံဇာတများကို စနစ်တကျထိန်းသိမ်းပြီး ဆက်လက်လုပ်ဆောင်သင့်သည်။ နိုင်ငံအတွက်ဝင်ငွေရသော်လည်း ကမ္ဘာ့လူသားအနည်းစုအတွက် အကျိုးဖြစ်ထွန်းသည့် မြေသယံဇာတအသုံးချမှုများကို ကန့်သတ်တားမြစ်ခြင်း၊ ရပ်ဆိုင်းခြင်းများ လုပ်ဆောင်ရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ တည့်တည့်ဆိုရလျှင် တွင်းထွက်သယံဇာတများဖြစ်သည်။ တွင်းထွက်သယံဇာတဆိုရာ၌လည်း လူသားအကျိုးပြု သယံဇာတများမဟုတ်ဘဲ လူနည်းစုအကျိုးပြု ကျောက်မျက်ရတနာတူးဖော်မှုဖြစ်ပါသည်။

သို့ဖြစ်ရာ ဤကမ္ဘာမြေမပျက်စီးစေရေးအတွက် မြေအသုံးချမှုများကို ခွဲခြားသတ်မှတ် သုံးသပ်ဆင်ခြင်၍ အနာဂတ်ကာလတွင် ကမ္ဘာမြေစိုပြည်လှပပြီး ကမ္ဘာသူ၊ ကမ္ဘာသားများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

Panasonic မှ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်များလျှုဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံရှိ လျှပ်စစ်မီးလုံလောက်စွာ မရရှိသေးသော ဒေသများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်များအား အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတစ်ဆင့် လျှုဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ပုလဲကွန်ဒိုရှိ Panasonic အရောင်းပြခန်း၌ ပြုလုပ်ခဲ့သည်။

Panasonic Asia Pacific မြန်မာရုံးခွဲမှ ဌာနေကိုယ်စားလှယ် Mr.Hisakazu Maeda က "အခုလို လျှုဒါန်းတာဟာ Panasonic ရဲ့ 100 Thousand Solar Lanterns Project အရ လေးကြိမ်မြောက်လျှုဒါန်းတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်တာကာလမှာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့သူတွေဆီက ကောင်းသတင်းတွေကြားရလို့ဝမ်းသာပါတယ်။ Panasonic အနေနဲ့ လျှပ်စစ်မီးမရရှိသေးတဲ့ ဒေသတွင်းရှိ ပြည်သူတွေရဲ့ လူမှုပတ်ဝန်းကျင်တိုးတက်ရေးကို ဆက်လက် လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

အဆိုပါ Panasonic ၏ 100 Thousand Solar Lanterns Project ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၊ လျှပ်စစ်မီးလုံလောက်စွာမရရှိသေးသော နေရာများ၊ လျှပ်စစ်မီး အရေးတကြီးလိုအပ်သော နေရာများအတွက် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်မှ စတင်လုပ်ဆောင်ကာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအနှံ့ လျှုဒါန်းခဲ့ကြောင်း၊ ကုမ္ပဏီ နှစ်(၁၀၀) ပြည့် ၂၀၁၈ ခုနှစ်အထိ လျှုဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၆၈ ရာခိုင်နှုန်းသည် လျှပ်စစ်မီးလုံလောက်စွာမရရှိသေးကြောင်း နိုင်ငံတကာစွမ်းအင်ဆိုင်ရာအဖွဲ့အစည်း မှတ်တမ်းများအရ သိရသည့်အတွက် Panasonic အနေနှင့် လျှပ်စစ်မီးမရရှိသေးသောဒေသများတွင် ကိုယ်ပိုင်နည်းပညာ၊ ကုန်ပစ္စည်းများကို အသုံးပြု၍ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးကဏ္ဍကို ဆိုလာစွမ်းအင်သုံးမီးအိမ်များဖြင့် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးသွားနိုင်ရန် ရည်ရွယ်ပြီး လျှုဒါန်းကြောင်း သိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒုတိယ အထွေထွေအတွင်းရေးမှူး ဒေါက်တာ အောင်ကျော်ထွဋ်က "Panasonic ကလျှုတဲ့ ဆိုလာမီးအိမ်တွေကို ကျွန်တော်တို့အသင်းက သဘာဝဘေးဒဏ်ခံခဲ့ရတဲ့ ဧရာဝတီတိုင်းဒေသကြီးက ကျောင်းကုန်းနဲ့ ဟသ်တ၊ မကွေးတိုင်းဒေသကြီးမှာဆို စေတုတ္တရာ၊ ပွင့်ဖြူမှာရှိတဲ့ အလိုအပ်ဆုံး မိသားစုတွေ၊ ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုတွေကို လျှုဒါန်းသွားမှာပါ။ ဥပမာ ကျောင်းသားတွေမျှားတဲ့ သူတွေ၊ သက်ကြီးရွယ်အိုရှိတဲ့ သူတွေကို လျှုဒါန်းမှာဖြစ်လို့ အင်မတန်မှ အကျိုးရှိတဲ့ အလျှုဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အခမ်းအနားတွင် Panasonic ကုမ္ပဏီက အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၁ ဖွဲ့အား ဆိုလာမီးအိမ်ပေါင်း ၂၄၀၀ ပေးအပ်ခဲ့ပြီး သုံးနှစ်တာကာလအတွင်း ဆိုလာမီးအိမ်ပေါင်း ၉၄၆၄ ခု လျှုဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်း/ဓာတ်ပုံ-သီသီမင်း



ပျားလုပ်ငန်းဌာနက စဉ်ဆက်မပြတ်သင်တန်းများပေးလျက်ရှိသောကြောင့် ပုဂ္ဂလိကပျားလုပ်ငန်းရှင်များ၏ ပျားထွက်ပစ္စည်းများအဆင့်မီလာ

မုံရွာ ဇန်နဝါရီ ၃၀

နှစ်စဉ်ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်ကြသော ပျားလုပ်ငန်းရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်ရှိ ဆီးခြံများမှ ဆီးသီးရာသီ ကုန်ဆုံးသောကြောင့် ပျားပုံးများကို လဲပွင့်သည့်ရာသီ လဲပင်များပြားသော စစ်ကိုင်းမြို့နယ်အတွင်း ပြောင်းရွှေ့ချထားကြောင်း သိရသည်။

လဲပွင့်သည့် ရာသီဖြစ်သည့် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ နှစ်လတာအတွင်း ပျားပုံးများကို ချထား၍ ပျားအုံများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း လဲပွင့်သည်ဝတ်မှုန်လည်းရ၊ ဝတ်ရည်လည်းရခြင်းကြောင့် ပျားရည်ထုတ်လုပ်မှုများပြားလျက်ရှိကြောင်း သိရသည်။

ထိုသို့ပုဂ္ဂလိကမှ ပျားရည်များ ထုတ်လုပ်ကြရာတွင် လိုက်နာရမည့် စည်းကမ်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအရည်အသွေးမြင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက် ပျားလုပ်ငန်းဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင်များကို သင်တန်းများ စဉ်ဆက်မပြတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပျားလုပ်ငန်းရှင်များအနေဖြင့် ယခင်ကထက် လုပ်ငန်းအရည်အသွေးများ တိုးတက်လျက်ရှိသလို ပျားထွက်ပစ္စည်းများမှ အဆင့်မီပစ္စည်းများ ထုတ်လုပ်နိုင်သောကြောင့် ပြည်တွင်းစျေးကွက်အပြင် ပြည်ပစျေးကွက်သို့ပါ တင်ပို့ပေးနေရပြီဖြစ်ကြောင်း သိရသည်။

နေပြည်တော် ပျားလုပ်ငန်းဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနတို့ပူးပေါင်း၍ ပုဂ္ဂလိက ပျားမွေးသူများ အစုအဖွဲ့ခေါင်းဆောင်များကို ပျားမွေးမြူရေး မွမ်းမံသင်တန်းအမှတ်စဉ်(၂)အဖြစ် မြင်းမူမြို့ ပျားလုပ်ငန်းဌာန၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းအမှတ်စဉ်(၂)တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပျားမွေးမြူသူများ အစုအဖွဲ့ခေါင်းဆောင် ၁၇ ဦးနှင့် ကချင်ပြည်နယ်မှ သုံးဦး စုစုပေါင်း ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းတွင် နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနမှ ပညာရှင်များက သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပထမအကြိမ် ၂၀၁۶ ပညာရေးပြပွဲ(UK) မန္တလေးမြို့တွင် ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၃၀။ ။ ဗြိတိသျှကောင်စီက ကြီးမှူး၍ ပထမအကြိမ် (UK)အဆင့်မြင့်တက္ကသိုလ်နှင့်ကောလိပ်များ ပါဝင်သော ပညာရေးပြပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် မန္တလေး ချမ်းအေးသာစံမြို့နယ် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပညာရေးပြပွဲသို့ တက္ကသိုလ်များမှ တာဝန်ရှိကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် မိဘများကို ၎င်းတို့တက္ကသိုလ်များတွင် သင်ကြားပို့ချနေသော ဘာသာရပ်များအတွက် သင်တန်းတက်ရန် ပညာအရည်အချင်းများ၊ ရရှိနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဟောပြောဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ပညာရေးပြပွဲသည် နိုင်ငံခြားတက္ကသိုလ်များသို့ သွားရောက်ပညာသင်ကြားလိုသော လူငယ်များအတွက် အတွေ့အကြုံသစ်များပေးနိုင်မည့် ပညာရေးပြပွဲဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ကမ္ဘာအေးစေတီတော်မြတ်ကြီး ရွှေဇဝါယွန်း ကပ်လျှပူဇော်ခြင်း အောင်ပွဲအလှူတော်မဂ်လာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင်သီရိမဂ်လာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ရွှေဇဝါယွန်းကပ်လှူပူဇော်ခြင်း အောင်ပွဲအလှူတော်မဂ်လာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သီရိမဂ်လာ ကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှုဒါန်းကြသည်။

ရှေးဦးစွာ ဂန္ဓကုဋိတိုက်တွင် ရွှေဇဝါယွန်း ကပ်လှူပူဇော်ရေးအတွက် ရွှေသံလွင်ကုမ္ပဏီနာယက ဒေါ်နီနီနှင့် မိသားစုက ငွေကျပ်သိန်း ၂၀၀ အပါအဝင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း စဉ်၀ ကျော်အား ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အလှည့်ကျဂေါပက အဖွဲ့ဝင်တို့က လက်ခံကြသည်။

ထို့နောက် သီရိမဂ်လာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးလှထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်နောက် နိုင်ငံတော်ဩဝါဒါစရိယ ကလေးဝ တောရစာသင်တိုက် ဦးစီးပဓာန နာယက သီရိမဂ်လာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဒွိပိဋ္ဌကရေ၊ ဒွိပိဋ္ဌကကောဝိဒ၊ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

သီရိမဂ်လာ ကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ဂေါတမမြတ်စွာဘုရား ဓာတ်တော်၊ လက်ျာရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်နှင့် လက်ဝဲရံ အဂ္ဂသာဝကရှင်မဟာမောဂ္ဂလာန် ရဟန္တာမထေရ်မြတ်တို့၏ ဓာတ်တော်များအား အပတ်စဉ်ဥပုသ်နေ့များနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ အများပြည်သူဖူးမြော်ခွင့်ရရှိအောင် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်တော်ပြည့် နေပူခံကျောက်ပြားများခင်း

ပုသိမ် ဇန်နဝါရီ ၃၀

ဧရာ၀တီတိုင်းဒေသကြီး ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပြည့် နေပူခံကျောက်ပြားများ ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၃ ရက်က ဆောင်ရွက်လျက်ရှိသည်။

ဘုရားကြီးရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများမှာ နှစ် ၅၀ ခန့် ကြာမြင့်ခဲ့ပြီး နေ၊ လေ၊ ရေ မိုးဥတုဆိုးများကြောင့် ကြေမွကျိုးပဲ့ကွဲအက်ချို့ယွင်း ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ရင်ပြင်တော် တစ်ခုလုံးလုပတင့်တယ်ပြီး ကြည်ညိုဖွယ်ဖြစ်စေမည့် နေပူခံကျောက်ပြားများ ခင်းခြင်းဖြင့် မိမိတို့၏ဘဝတွင် တစ်သက်တစ်ခါခင်း လှူဒါန်း ရသောအလှူတစ်ခုကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့က ရှင်းပြသည်။

တစ်ပေပတ်လည် စကျင်ဖြူ၊ နှစ်ပေပတ်လည် ဂရင်းနိုက်ကြမ်း၊ နှစ်ပေပတ်လည် ဂရင်းနိုက်အဖြူ၊ ဂရင်းနိုက်အနက်တို့ကို နေပူခံနှင့် လူသွားလမ်းများကို ပုံဖော်၍ ခင်းကျင်းမည်ဖြစ်ကြောင်း သိရသည်။

ထာ၀ရကုသိုလ်ရယူလိုသူများသည် ဂေါပကအဖွဲ့ဝင် ဦးထွန်းဝေ ဖုန်း ၀၉-၅၂၀၂၁၀၊ ရုံးအဖွဲ့မှူး ဦးလှအောင် ဖုန်း ၀၄၂-၂၄၂၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ခင်မောင်မြင့်(ဇမ္ဗူသီရိ)

၂၀၁၆ ခုနှစ် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာ၀ရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမက္ကဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါ၀င်ဆောင်ရွက်ရေး။

(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်း၀န်းကြိုးပမ်းဆောင်ရွက်ရေး။

မိုးရာသီဘဏ်ချေးငွေများ ကျေပွန်စွာပြန်လည်ပေးဆပ်လျက်ရှိ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာပွဲ့ဖြိုးရေးဘဏ်ခွဲများသည် တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်း၍ လူနေမှုဘ၀အဆင့်အတန်းမြင့်မားရေး ရည်မှန်းချက်အရ လယ်ယာထုတ်ကုန်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ကုန်ထုတ်လုပ်မှုအရင်းအနှီးများ အချိန်နှင့်တစ်ပြေးညီ ဝယ်ယူသုံးစွဲနိုင်စေရန် ၂၀၁၅ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို မြို့နယ်များအလိုက် ထုတ်ချေးပေးခဲ့ပြီး ယခုအခါ သီးနှံပေါ်ရာသီတွင် အဆိုပါချေးငွေများကို ပြန်လည်ကောက်ခံလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ချေးငွေအားလုံး၏ ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ကျေးရွာအုပ်စု ၉၄ အုပ်စုမှ တောင်သူ ၁၉၃၀၈ ဦးတို့အား ချေးငွေစုစုပေါင်း သိန်း ၃၀၀၀၀ ကျော် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ သီးနှံပေါ်ရာသီတွင် ဇန်နဝါရီ ၁ ရက်မှ စတင်ကောက်ခံခဲ့ရာ တောင်သူများကလည်း နိုင်ငံတော်၏ ကျေးဇူးနှင့်စေတနာကို ပြန်လည်တုံ့ပြန်သောအားဖြင့် အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပေးဆပ်လျက်ရှိကြရာ ချေးငွေအားလုံး၏ ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိပြီးဖြစ်ကြောင်းသိရပြီး ကျောက်ပန်းတောင်းမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်စဉ်နှစ်တိုင်း အစောဆုံး တာ၀နှ်ကျစွာပြန်လည်ပေးဆပ်သည့် အလေ့အထကောင်းများရှိခဲ့သည့်မြို့နယ်ဖြစ်ကြောင်း သိရသည်။

ကိုနေ (ကျောက်ပန်းတောင်း)

မြန်မာအလုပ်သမား ၃၂ ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းကယ်တင်

နေပြည်တော် ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၂၈ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် ငါးဖမ်းစက်လှေပေါ်နှင့် ဆိပ်ကမ်းရှိ ဂိုဒေါင်အတွင်းမှ မြန်မာနိုင်ငံသား အလုပ်သမား ၃၂ ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မြ၀တီ)မှ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT)၊ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးကွန်ရက်(LPN)၊ မြန်မာသံရုံးတို့နှင့် ချိတ်ဆက်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မြ၀တီ)သို့ မြ၀တီမြို့နေ အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး ၎င်း၏ တူတော်စပ်သူသည် လွန်ခဲ့သောတစ်လကျော်ခန့်က မြ၀တီမြို့သို့ရောက်ရှိလာပြီး ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ရန် မြ၀တီမြို့ရှိ ပွဲစားတစ်ဦးနှင့် ချိတ်ဆက်၍ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ရာမှ ငါးဖမ်းစက်လှေတွင် ရောင်းစားခံရကြောင်း၊ လှေပေါ်တွင် အလုပ်မလုပ်နိုင်ပါက ရိုက်နှက်၍ ခိုင်းစေကြောင်းကို တူဖြစ်သူက ဖုန်းဆက်အကြောင်းကြားလာသဖြင့် ကူညီကယ်တင်ပေးရန် အကူအညီတောင်းခံလာသည်။ ဇန်နဝါရီ ၂၆ ရက်တွင် စက်လှေနံပါတ်(၁၈) တွဲလှေ(၁၉)သည် ဖူးခက်ဆိပ်ကမ်းတွင် ရောက်ရှိနေကြောင်း၊ ထိုစက်လှေပေါ်တွင် ၎င်းနှင့်အတူ အခြားမြို့မှ သုံးဦးပါရှိကြောင်း၊ တပ်ဖွဲ့စိတ်(မြ၀တီ)သို့ ထိုင်းဖုန်းဖြင့် ဆက်သွယ်လာရာ ၎င်းတို့လေးဦးအား ကယ်တင်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မြ၀တီ)မှ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(MAT)၊ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးကွန်ရက်(LPN)၊ မြန်မာသံရုံးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

စက်လှေပေါ်ပါ လေးဦးအား ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီခွဲတို့တွင် MAT အဖွဲ့နှင့် ထိုင်းရဲတပ်ဖွဲ့တို့က ကယ်တင်နိုင်ခဲ့သည်။ ၎င်းတို့လေးဦး၏ ထွက်ဆိုချက်များအရ ဖူးခက်ကမ်းခြေဆိပ်ကမ်းရှိ ဂိုဒေါင်အတွင်း ပိတ်လှောင်ခံထားရသော မြန်မာအလုပ်သမား ၂၈ ဦးကို ထပ်မံကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကိစ္စနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအား ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံ လူကုန်ကူးမှုရဲတပ်ဖွဲ့ရုံး၌ကျင်းပရာ လူကုန်ကူးမှုရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီးသက်နောင်က ရှင်းလင်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

(၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင်လအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အာဆီယံစွမ်းအင်ဝန်ကြီးများအဆင့် အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ အာဆီယံစွမ်းအင် အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်းအခမ်းအနား(၂/၂၀၁၆) တွင် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လတ်တလောကာလတွင် သတင်းမီဒီယာအချို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သဘာ၀ဓာတ်ငွေ့ရောင်းရငွေအချို့သည် ဘဏ္ဍာရေး၀န်ကြီးဌာနသို့ စာရင်းမ၀င်ကြောင်း၊ ၀င်ငွေစာရင်းတွင် မပါ၀င်ကြောင်း ဖော်ပြနေခြင်းများနှင့် ပတ်သက်၍ မိမိတို့ရရှိသောအမြတ်ငွေအပေါ် ၀င်ငွေခွန်ဥပဒေအရ ၀င်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်၀င်ငွေများပေးဆောင်ပြီးနောက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်ထောင်စုဘဏ္ဍာငွေရန်ပုံငွေစာရင်း (Other Account)တွင် ထည့်သွင်းခဲ့ကြောင်း၊ အဆိုပါငွေများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီး သက်ဆိုင်ရာစီးပွားရေး၀န်ကြီးဌာနများသို့ ခွဲ၀ေပေးသော စာရင်းဖြစ်ကြောင်း ဦးဖေဇင်ထွန်းက ထည့်သွင်းပြောကြားခဲ့သည်။

ရွှေသဘာ၀ဓာတ်ငွေ့စီမံကိန်းမှ ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၄ ခုနှစ် မတ်လအထိ သဘာ၀ဓာတ်ငွေ့ရောင်းရငွေများကို ဂျာမနီနိုင်ငံ Frankfurt ရှိ Collection Account သို့ ချေးငွေစာချုပ်အရ အာမခံစပေါ်ငွေအဖြစ် ပေးသွင်းလျက်ရှိသည်။ ချေးငွေစာချုပ်အရ အရစ်ကျပြန်လည်ပေးဆပ်နိုင်ရန် လိုအပ်သော ငွေ၀ယ်ဈေးကို Collection Account တွင် ဖယ်ချန်ထားပြီး ပိုငွေများကို MOGE Account သို့ လွှဲပြောင်းရရှိပြီးဖြစ်သည်။

စီမံကိန်းတွင် သဘာ၀ပတ်၀န်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လုပ်ငန်းခွင်သုံး စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ခဲ့ကြောင်း၊ ပိုက်လိုင်းယိုစိမ့်မှု လျင်မြန်မှန်ကန်စွာ ရှာဖွေတွေ့ရှိနိုင်ရန် Supervisory Control and Data Acquisition (SCADA) စနစ်တပ်ဆင်ခဲ့ကြောင်းလည်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များအရ သိရသည်။

သဘာ၀ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ ရရှိသည့်၀င်ငွေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် EITI အဖွဲ့၀င်လောင်းနိုင်ငံဖြစ်သည့်အားလျော်စွာ ရေနံနှင့် သဘာ၀ဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှရရှိသော အခွန်အခများနှင့် စာရင်းများကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ နိုင်ငံတကာအသိအမှတ်ပြုလွတ်လပ်သော စာရင်းစစ်အဖွဲ့ဖြစ်သည့် More Stephens အဖွဲ့က စစ်ဆေးခဲ့ပြီးဖြစ်သည်။

အဖွဲ့၀င်နိုင်ငံဖြစ်ရေးအတွက် ၎င်းအတည်ပြုထားသော အစီရင်ခံစာအား အပြည်ပြည်ဆိုင်ရာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တင်သွင်းထားပြီးဖြစ်သည်။ အဆိုပါအချက်အလက်များအား ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် အများပြည်သူဖတ်ရှုနိုင်ရန် ထုတ်ပြန်ထားပြီးဖြစ်သည်ဟု သိရသည်။ **(သတင်းစဉ်)**

တရုတ်နှင့်ကျူးဘား ပထမဆုံးအကြိမ် ရုပ်ရှင်ဇာတ်ကား ပူးတွဲရိုက်ကူးမည်

ဟာဗားနား ဇန်နဝါရီ ၃၀

တရုတ်နှင့်ကျူးဘားနှစ်နိုင်ငံတို့သည် ပထမဆုံးအကြိမ် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ပူးတွဲရိုက်ကူးသွားမည်ဖြစ်ကြောင်း ကျူးဘားသတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံက ဆယ်ကျော်သက်လူငယ်တစ်ဦး၏ မေတ္တာဖွဲ့ဇာတ်လမ်းတစ်ပုဒ်ကို "ဟာဗားနားမှချစ်ခြင်းများ"ဟု အမည်ပေးကာ ရုပ်ရှင်ရိုက်ကူးရန် တရုတ်နိုင်ငံမှ ဝိုရှမ်းထုတ်လုပ်ရေးကုမ္ပဏီနှင့်ကျူးဘားနိုင်ငံမှ အာရ်တီဗီရုပ်မြင်သံကြားဌာနတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ယဉ်ကျေးမှုနောက်ခံချင်းမတူညီသည့်နှစ်နိုင်ငံမှ ချစ်သူများအကြားဆက်ဆံရာ၌ ဆင်းရဲဒုက္ခများတွေ့ကြုံရပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားကို ယခုနှစ်မတ်လ ၁၀ ရက်တွင် စတင်ရိုက်ကူးရန် စီစဉ်ထားသည်။ ကျူးဘားနှင့်တရုတ်နိုင်ငံတို့ရှိ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ၏ သဘောတူညီချက်အရနှစ်နိုင်ငံလုပ်မှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်အမြင်များအား ဖော်ကျူးသော ရုပ်ရှင်ဇာတ်ကားများကို ပူးတွဲထုတ်လုပ်သွားမည်ဖြစ်ပြီး ပထမဆုံးအကြိမ် ပေါ်ထွက်လာမည့် ရုပ်ရှင်ကားဖြစ်ကြောင်း အာရ်တီဗီရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးချုပ် ဂျိုဝဲလ်အော်တေဂါက ပြောကြားသည်။

ဆင်ဟွာ။

ဇီကာပိုင်းရပ်(စ်)ပိုးတိုက်ဗျက်ရေးသည် တစ်မျိုးသားလုံး၏တာဝန်ဖြစ်ကြောင်း သမ္မတ ဒီလ်မာရာအူဆက်ပ်ကဆို

ဘရာဇီးလီးယား ဇန်နဝါရီ ၃၀

ဘရာဇီးနိုင်ငံတွင် ပျံ့နှံ့လျက်ရှိသော ဇီကာပိုင်းရပ်(စ်)ပိုးကူးစက်မှုကို အလျင်အမြန် ထိန်းချုပ်နိုင်ရန်အတွက် ကြိုးပမ်းတိုက်ဖျက်ရေးသည် တစ်မျိုးသားလုံး၏တာဝန်ဖြစ်သည်ဟု ဘရာဇီးသမ္မတ ဒီလ်မာရာအူဆက်ဖ်က ဇန်နဝါရီ ၂၉ ရက်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်း များအရသိရသည်။

ခြင်များပေါက်ဖွားမှုကြောင့် ဇီကာပိုင်းရပ်(စ်)ပိုးမှာလည်း နိုင်ငံအတွင်းပျံ့နှံ့လျက်ရှိပြီး မွေးကင်းစကလေးငယ်အများအပြား ကူးစက်ခံရမှုပိုမိုမြင့်တက်လာသည့်အတွက် အစိုးရနှင့် ပြည်သူများ ပူးပေါင်းတိုက်ဖျက်ကြရန်လိုအပ်ကြောင်း ဘရာဇီးသမ္မတ ရာအူဆက်ဖ်က ဆိုသည်။

ဇီကာပိုင်းရပ်(စ်)ပိုးသည် ယမန်နှစ်မှစပြီး တောင်အမေရိကတစ်ဝန်းလုံးတွင် လျင်မြန်စွာ စတင်ကူးစက်ပျံ့နှံ့ခဲ့သည်။ ယခုအချိန်ထိတိုင် ပိုင်းရပ်(စ်)ပိုး ကာကွယ်ဆေးမရှိသေးပေ။

ယခုအချိန်တွင် ဘရာဇီးနိုင်ငံတစ်ဝန်းလုံး၌ ဇီကာပိုင်းရပ်(စ်)ကူးစက်မှုကြောင့် မွေးကင်းစကလေးငယ် ၄၀၀၀ ခန့်သည် ဦးနှောက်ဖွံ့ဖြိုးမှုမရှိဘဲ ဦးခေါင်းသေးငယ်မှုအန္တရာယ်ကို ရင်ဆိုင်နေရသည်။

ဇန်နဝါရီ ၂၉ ရက်တွင် ဘရာဇီးသမ္မတနှင့် အမေရိကန်သမ္မတ ဘာရက်အိုဘားမားတို့ ဖုန်းဖြင့် ဇီကာပိုင်းရပ်(စ်)ပိုးတိုက်ဖျက်မှုဆောင်ရွက်ချက်များကို တိုင်ပင်ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များက ဇီကာပိုင်းရပ်(စ်)ပိုး ကာကွယ်ဆေး အမြန်ဆုံးရရှိရန် အတူတကွ ကြိုးပမ်းကြရန်သဘောတူညီခဲ့ကြသည်။

ဖေဖော်ဝါရီလတွင် ဘရာဇီးနိုင်ငံအတွင်း ဘရင်ဂျီခရစ်ယာန်ဝါဝင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ဩဂုတ်လတွင် အိုလံပစ်အားကစားပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါပိုင်းရပ်(စ်)ပိုးကူးစက်မှုကို အချိန်မီ တားဆီးဟန့်တားနိုင်ရန်လိုအပ်သည်။

နိုင်ငံတစ်ဝန်းလုံး ခြင်နိုင်ဆေးများပက်ဖျန်းရန် တပ်ဖွဲ့ဝင် ၂၀၀၀၀၀ ကျော်အား ဖေဖော်ဝါရီလအတွင်း အသီးသီးစေလွှတ်မည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက စီစဉ်မှုများ ပြုလုပ်ထားသည်။

ဇီကာပိုင်းရပ်(စ်)ကူးစက်သူဦးရေ လေးသန်းကျော် ကူးစက်ခံရမည်ဖြစ်ကြောင်းနှင့် ဘရာဇီးတစ်နိုင်ငံတည်းတွင် ၁ ဒသမ ၅ သန်း ကူးစက်ခံရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

အင်နန်အိတ်ချ်ကေ။

ဆီးရီးယားနှင့်ထိစပ်နေသည့် နယ်စပ်တစ်လျှောက်တွင် စစ်သွေးကြွများဟု သင်္ကာမကင်းသူ ၂၅ ဦးအား တူရကီပမ်းဆီး

အန်ကာရာ ဇန်နဝါရီ ၃၀

ဆီးရီးယားနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက်တွင် တူရကီစစ်ဘက်က ဇန်နဝါရီ ၂၇ ရက်တွင် သီးခြားစစ်ဆင်ရေးနှစ်ကြိမ်ပြုလုပ်ပြီး အစ္စလာမ္မာစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများဟု သင်္ကာမကင်းသူ ၂၅ ဦးအား ထိန်းသိမ်းခဲ့ကြောင်း တူရကီစစ်ဦးစီးချုပ်က ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းကီလစ်ပြည်နယ်တွင် တူရကီနယ်ခြားစောင့်တပ်ဖွဲ့က ဆီးရီးယားနိုင်ငံဘက်မှ တူရကီပိုင်နက်အတွင်းသို့ တရားမဝင်ဝင်ရောက်ရန် ကြိုးပမ်းနေသည့် စစ်သွေးကြွများဟု သင်္ကာမကင်းသူ ၂၁ ဦးအား ကလေး ၂၂ ဦးနှင့်အတူ ဖမ်းဆီးမိကြောင်း တူရကီစစ်ဦးစီးချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ၦင်းအပြင် ဇန်နဝါရီ ၂၇ ရက်က တူရကီနိုင်ငံတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းသည့် လူလေးဦးကိုလည်း တူရကီအာဏာပိုင်များက ဖမ်းဆီးရမိပြီး ၦင်းတို့မှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့်ချိတ်ဆက်မှုရှိသူများဟု ယုံကြည်ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။



ကုန်သွယ်ရေးနှင့် သိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပဏာမသဘောတူစာချုပ် ကျူးဘားနှင့် မြောက်ကိုရီးယားလက်မှတ်ရေးထိုး

ဟာဗားနား ဇန်နဝါရီ ၃၀

ကျူးဘားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ကုန်သွယ်ရေး၊သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများ ရရှိခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပဏာမသဘောတူစာချုပ်နှစ်ခုကို ဇန်နဝါရီ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါစာချုပ်အား ကျူးဘားနိုင်ငံ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနဝန်ကြီး ရိုဒ်ရိဂိုမယ်လ်မီရာကာနှင့် ကျူးဘားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားနိုင်ငံ သံအမတ် ပတ်ချန်ယူးတို့က လက်မှတ်ရေးထိုးကြသည်။

ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်အရ နှစ်နိုင်ငံအကြားကုန်သွယ်မှုများပြုလုပ်ရာတွင် ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်ကျင့်သုံးရန် သဘောတူညီထားပြီး ကျူးဘားနိုင်ငံ၏ရထားပို့ဆောင်ရေးသမဂ္ဂနှင့်သက်ဆိုင်သည့်လုပ်ငန်းများသို့ ဦးစားပေးထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အဆိုပါသဘောတူညီမှုသည် နှစ်နိုင်ငံကြားရှိ ကျန်းမာရေးစောင့်ရှောက်မှု၊ အထက်တန်းပညာရေး၊ ယဉ်ကျေးမှု၊အားကစားနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် အထောက်အပံ့များရရှိစေမည်ဟု သတင်းတွင် ဖော်ပြသည်။

ကျူးဘားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၆၀ ခုနှစ် ဩဂုတ်လအတွင်းက ထူထောင်ထားကြပြီး လက်ရှိကာလတွင် ကျွန်းနိုင်ငံဖြစ်သော ကျူးဘားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် ပညာရေး၊ စိုက်ပျိုးရေးနှင့်ကုန်သွယ်ရေး ကဏ္ဍာများ၌ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ။

ဆီးရီးယားအစိုးရ အဓိကအတိုက်အခံအဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် ဂျီနီဗာမြို့သို့ထွက်ခွာ

ရီယာ့ဒ် ဇန်နဝါရီ ၃၀

ဆီးရီးယားအစိုးရ အဓိကအတိုက်အခံအဖွဲ့က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပနေသည့် ဆီးရီးယားအစိုးရနှင့် အတိုက်အခံအဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်ရန် ကနဦးတွင် ငြင်းဆန်ခဲ့သော်လည်း အဖွဲ့ဝင် ၁၇ ဦးက ဆွေးနွေးပွဲသို့တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံသို့ ဇန်နဝါရီ ၃၀ နံနက်ပိုင်းက ထွက်ခွာသွားခဲ့ကြောင်း ဒေသန္တရသတင်းမီဒီယာများက ဆိုသည်။

ယင်းအဖွဲ့ဝင် ၁၇ ဦးသည် ဂျီနီဗာမြို့သို့ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ၎င်းအနေဖြင့် ဇန်နဝါရီ ၃၁ ရက်တွင် ဂျီနီဗာသို့ ထွက်ခွာမည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရ အဓိကအတိုက်အခံအဖွဲ့၏ ညှိနှိုင်းမှုကော်မတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ ရီယက်ဒ်ဟိုင်ဂျပ်က ဆိုသည်။

ဆီးရီးယားအစိုးရအဓိကအတိုက်အခံအဖွဲ့သည် ဆီးရီးယားစစ်ပွဲချုပ်ငြိမ်းပပျောက်သွားရန် ဆီးရီးယားအစိုးရအဖွဲ့နှင့် ညှိနှိုင်းမည်ဖြစ်သည်။

ဇန်နဝါရီ ၂၉ ရက်က ဆီးရီးယားအစိုးရအတိုက်အခံညှိနှိုင်းရေးကော်မတီက ၎င်းကော်မတီ၏ ထုတ်ပြန်ကြေညာချက်တွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးရန် ငြင်းဆိုခဲ့သော်လည်း ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်နိုင်ငံတို့ဘက်မှ အသက်အာမခံချက်များ ရရှိပြီးနောက် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအကြိမ်ဆွေးနွေးပွဲသည် ဖေဖော်ဝါရီ ၁၁ ရက်ထိကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ။

အာရှချန်ပီယံရှစ် ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ Out Door အစီအစဉ်အဖြစ် အမရပူရမြို့၌ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံတွင် Out Door အစီအစဉ်ဖြင့် ပထမဆုံး ကျင်းပမည့် အာရှချန်ပီယံရှစ် ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာရှိ ဝေရောစုန ကျောက်စိမ်း စေတီတော်အနီး၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲကြီးကို ဘာဖြစ်လို့ ဒီလို၊ ဒီမှာ ကျင်းပတာလဲ လို့မေးစရာရှိပါလိမ့်မယ်။ ပထမဆုံး ကျွန်တော်ပြောချင်တာက နိုင်ငံတစ်နိုင်ငံမှာ ခမ်းနားကြီးကျယ်တဲ့ပြိုင်ပွဲကြီးတွေ ကျင်းပနိုင်ဖို့အတွက် လက်ခံကျင်းပမယ့်နိုင်ငံဟာ တည်ငြိမ်အေးချမ်းမှုဖြစ်မယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှုရှိတယ်ဆိုတာကို ကမ္ဘာသိအောင် ပြချင်တယ်။ ဒုတိယက ကျွန်တော်တို့နိုင်ငံက အားကစားကို ဘယ်လောက်ထိ စိတ်ဝင်စားမှုရှိတယ်။ အထူးသဖြင့် ဒီခြင်းလုံးအားကစားကို ကျွန်တော်တို့ မန္တလေးသားတွေ ဘယ်လောက်ထိ စိတ်ပါဝင်စားမှုရှိနေတယ်ဆိုတာပါ။ တတိယကတော့ မျိုးဆက်သစ်ခြင်းလုံးအားကစားသမားတွေ၊ ပိုက်ကျော်ခြင်းအားကစားသမားတွေပေါ်ပေါက်လာစေချင်လို့ပါ"ဟု အာရှခြင်းလုံးဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

အဆိုပါ ပြိုင်ပွဲသို့ ဂျပန်၊ ကိုရီးယား၊ ပါကစ္စတန်၊ အီရန်၊ သီရိလင်္ကာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်နှင့် အိမ်ရှင်မြန်မာတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့် ဒေသ၊ ပြိုင်ပွဲကျင်းပရေးစီစဉ်ထားရှိမှုများကိုလည်း အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လာရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

"ပွဲမဝင်ခင်ပြင်မှာကျင်းပဆိုတဲ့ စကားပုံလို ဒီအာရှအဆင့်ပြိုင်ပွဲကြီးမကျင်းပခင်မှာ ပြည်တွင်း ခြင်းလုံးခတ်ပြိုင်ပွဲနဲ့ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဆုကြေးအများဆုံးနဲ့ အခမ်းနားဆုံး ကျင်းပခဲ့တယ်။ အဲဒီမှာ ပရိသတ်က တစ်နေ့ကို ၅၀၀၀ နဲ့ ၁၀၀၀၀ ကြား နေ့စဉ်လာရောက်အားပေးခဲ့ကြတယ်။ ဒီလို ပြည်တွင်းပွဲကျင်းပတာကို အပြည်ပြည်ဆိုင်ရာအဖွဲ့ချုပ်က တာဝန်ရှိသူတွေလည်း လာရောက်အားပေးခဲ့ကြပါတယ်။ ကျွန်တော်လည်း ပြည်ပကျင်းပခဲ့တဲ့ပြိုင်ပွဲတွေကို သွားရောက်ကြည့်ရှုခဲ့တယ်။ ပြည်ပနိုင်ငံတွေထက် အဆင့်မနိမ့်အောင် အစစအရာရာကြိုတင်ပြင်ဆင်ထားပါတယ်" ဟု အာရှချန်ပီယံရှစ် ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

"ပါဝင်ယှဉ်ပြိုင်မယ့်အားကစားသမားတွေကို ကမ္ဘာ့အဆင့် 2 - star ရှိတဲ့ဟိုတယ်မှာ နေထိုင်စားသောက်ဖို့ စီစဉ်ထားတယ်။ တာဝန်ရှိသူတွေကို မန္တလေးက နိုင်ငံတယ်ဟိုတယ်မှာ စီစဉ်ထားတယ်။ အားကစားသမားတွေ၊ တာဝန်ရှိသူတွေ ပြိုင်ပွဲကွင်းကိုရောက်ရင် အစစအရာရာ အဆင်ပြေချောမွေ့စေဖို့ အားကစားဆောင်တွေ၊ နားနေဆောင်တွေကိုလည်း စနစ်တကျ စီစဉ်ထားပါတယ်။ ကျန်းမာရေး၊ လုံခြုံရေးက အစပါ။ ဒီလိုစီစဉ်ဆောင်ရွက်နိုင်ဖို့ အားကစားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်ခဲ့ကြတာ။ ဒီလို ပြင်ဆင်ထားမှုတွေကို အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တာဝန်ရှိသူတွေက အားရကျေနပ်မှုရှိတယ်။ လက်ခံခဲ့ကြတယ်။ အင်တာနက်ခေတ်ဆိုတော့ အီးမေးလ်နဲ့ ကျင်းပမယ့်အခြေအနေတွေကို ပြိုင်ပွဲဝင်နိုင်ငံတွေ ဖြန့်ဝေတဲ့အခါ လက်ခံကြောင်း ပြန်ကြားခဲ့တယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ပြိုင်ပွဲတွင် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲအပြင် ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အာရှအဆင့်ပြိုင်ပွဲဝင်အားကစားသမား ၁၈၄ ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ အာရှချန်ပီယံရှစ်ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပနေမှုများကို အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်သည့်အပြင် ပြိုင်ပွဲကျင်းပသည့်ဒေသသို့ မလာရောက်နိုင်သူများအတွက် စင်ကာပူနိုင်ငံမှ ဌာနရမ်းထားသည့် ရုပ်/သံလွှင့်ကုမ္ပဏီဖြင့် တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

(ညီမင်း)

ဆရာသခင်၊ ရာမ၊ လက္ခဏာ၊ သီတာဒေဝီ ပန်းတော်ဆက်ပွဲတော် ပုသိမ်မြို့၌ ကျင်းပ

ပုသိမ် ဇန်နဝါရီ ၃၀

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၂)ရပ်ကွက် ယိုးဒယားကုန်းတောင်တော်၌တည်ရှိသော ဆရာသခင်၊ ရာမ၊ လက္ခဏာ၊ သီတာဒေဝီ နန်းပြာသာဒ်၌ ပန်းတော်ဆက်ပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်မှအစပြု၍ သုံးရက်တိုင်တိုင် ကျင်းပလျက်ရှိရာ အမြို့မြို့အနယ်နယ်မှ ပန်းတော်ဆက်သသူများနှင့် ပန်းမျိုးစုံရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းတော်ဆက်ပွဲတော်မှာ မြန်မာနိုင်ငံတွင် ပုသိမ်မြို့တစ်မြို့တည်းသာ ကျင်းပသောပွဲတော်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၂၂ ခုနှစ်က အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက် အယုဒ္ဓယပြည်မှ စစ်သုံ့ပန်းများကို ပုသိမ်မြို့နယ် ယိုးဒယားကုန်းဟု အမည်တွင်ရှိမည့် တောင်ကုန်း၌ နေထိုင်ခွင့်ပြုထားသည်။ ၎င်းတို့၏ ရိုးရာလေ့ထုံးတမ်း စဉ်လာအတိုင်း ဆရာသခင်၊ ရာမ၊ လက္ခဏာ၊ သီတာဒေဝီ နန်းပြာသာဒ် တည်ဆောက်၍ နှစ်စဉ် ပြာသိုလ ရောက်ရှိသည့်အခါတိုင်း နှင်းဆီ၊ ဒေါန၊ သဇင်၊ ပန်းတော်ဝင်များနှင့် အမွှေးနံ့သာ၊ ချိုချဉ်သစ်သီးစုံလင်စွာဖြင့် ဆက်သကြသည်။

ဤသို့ ဆရာသခင်၊ ရာမ၊ လက္ခဏာ၊ သီတာဒေဝီယုံကြည်စွာ ပန်းတော်ဆက်ပွဲကျင်းပခဲ့ခြင်းကြောင့် စစ်သုံ့ပန်းများသည် အချုပ်အနှောင်မှ ကင်းလွတ်ကြရ၏။ ကွဲကွာနေခဲ့ကြသော ချစ်ကြင်သူဇနီးသားမယားတို့ဖြင့် ပြန်လည်ပေါင်းသင်းရ၏။ စီးပွားဥစ္စာ ပေါကြွယ်ဝ၏။ မီးဘေးရေဘေး ကင်းဝေးရသည်ဟူသော ယုံကြည်မှုအတိုင်း ပြီးပြည့်စုံစွာအောင်မြင်မှုများ ရရှိခဲ့ကြသည်။ ထိုအစဉ်လာမှ ပုသိမ်မြို့၌ ယိုးဒယား ရာမဇာတ်တော်ကြီးဖြင့် ပန်းတော်ဆက်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ နှစ်စဉ်မပျက် ကျင်းပလျက်ရှိကြောင်း ယိုးဒယားကုန်းဇာတိ အသက်(၉၀)ကျော် အဋ္ဌမိမီးစား ဆရာမကြီး ဒေါ်လှလှက ပြောပြသည်။

အဆိုပါပွဲတော်သို့ ရန်ကုန်မြို့မှ ပုသိမ်မြို့အထိ မြင့်မြန်မာမှန်လုံယာဉ်မှ အခမဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

❒ လားရှိုးမှ

မမောင်းနှင်ခြင်း၊ တောင်ပေါ်ဒေသလမ်းကြောအနေအထား မကျွမ်းကျင်ဘဲ သူ့ထက်ငါအပြိုင် ကျော်တက်မောင်းနှင်ခြင်းများကြောင့် မလိုလားအပ်သော ထိခိုက် နစ်နာမှု၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုမျိုးဖြစ်ပြီး အသက်အန္တရာယ်ဖြစ်ကာ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်ကြုံတွေ့ခဲ့ကြရသည်။

အချိန်အခါအားဖြင့်လည်း ပြောင်း၊ ဖရဲ၊ သခွားမွေးရာသီပေါ် သီးနှံပေါ်သည့်အချိန်ဖြစ်နေခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ယာဉ်ကြီးများ မူဆယ်မြို့သို့ လာရောက်ကြသည့်အတွက် အတက်/အဆင်း ယာဉ်စီးရေ များပြားလာသဖြင့် ယာဉ်ကြောကျပ်၍ ပိတ်ဆို့မှုများဖြစ်လာခဲ့သည်။ ယင်းလမ်းပိုင်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားလာပါက သတင်းရရှိလျှင်ရရှိခြင်း အချိန်နှင့်တစ်ပြေးညီ အမှတ်(၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ [ရှမ်းမြောက်/ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မူဆယ်)]မှ ထုတ်နုတ်အင်အား ကွတ်ခိုင်အခြေပြုနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပေါင်းစပ်၍ ရှင်းလင်းဆောင်ရွက်မှုများ ပြုလုပ်၍ လုံလောက်မှုမရှိပါက ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ထုတ်နုတ်အင်အားများ ပေါင်းစပ်ပြီး ယာဉ်ကြောရှင်းလင်းနိုင်ရေး၊ ခရီးသွားပြည်သူများ ခရီးချောမောစွာ သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။

လမ်းအသုံးပြုသူယာဉ်မောင်းများ စည်းကမ်းစနစ်တကျရှိစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရန် အမှတ်(၂၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမျိုးရုံး၊ ရုံးအခြေစိုက်ရာဒေသ လားရှိုးမြို့ မြို့ရှောင်လမ်းနှင့် နမ္မတူလမ်းဆုံတွင် ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးမင်းအောင်ဦးစီး၍ ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ နယ်မြေခံသတင်းမီဒီယာများ ပါဝင်ပူးပေါင်းအဖွဲ့များဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး၍ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေသစ်ဖြင့် ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပြီး ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် မြို့တွင်း၊ မြို့ပြင် အရှိန်ဟုန်မပျက်လုပ်ဆောင်လျက်ရှိသည်။

ဆက်လက်ပြီးရှမ်းပြည်နယ်(မြောက်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ORIENTAL HIGHWAY ကုမ္ပဏီနှင့် ပူးပေါင်း၍ လားရှိုး-မူဆယ်လမ်းပိုင်း၌ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းကျဆင်းရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းပိုင်းဖြတ်သန်းခတာဝန်ယူကောက်ခံနေသော ORIENTAL HIGHWAY ကုမ္ပဏီက ၎င်းတို့တိုးဂိတ်အဝင်/အထွက်များတွင် ယာဉ်မောင်းသူများ အချိန်ပိုင်းလိုက်နာဆောင်ရွက်ရမည့် အချိန်ဇယားစည်းကမ်းချက်များအား ဗီနိုင်းများဖြင့် စိုက်ထူထားသည်။

မန္တလေး၊ မူဆယ်သို့ အသွားအပြန်သွားသော ကုန်တင်ယာဉ်ကြီးများ ယခုရက်ပိုင်းအတွင်း နံနက် ၆ နာရီမှ နံနက် ၁၀ နာရီထိ မူဆယ်မှ လားရှိုးအဆင်းကားများကို လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကွတ်ခိုင်မှ မူဆယ်အတက်ကားများကိုလည်းကောင်း၊ ညနေ ၆ နာရီမှ ည ၈ နာရီအထိ မူဆယ်မှ လားရှိုးအဆင်းကားများကို လည်းကောင်း၊ ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ကွတ်ခိုင်မှမူဆယ်အတက်ကားများကို လည်းကောင်း လွတ်မည်ဖြစ်ပြီး နံနက် ၄ နာရီတွင် ကွတ်ခိုင်တိုးဂိတ်ကို ပြန်ပိတ်ထားမည်။ ကြားအချိန် နှစ်နာရီကာလသည် ယာဉ်ကြောပိတ်ဆို့မှုဖြစ်သည့် ကွတ်ခိုင်၊ နမ့်ဖတ်ကာကြား မော်တော်ယာဉ်များဖြတ်သန်းသွားလာချိန်အဖြစ် သတ်မှတ်ထားသည်။ ယာဉ်ငယ်များနှင့် ခရီးသည်တင် Express ကားများ မပါကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မှူခင်းသတင်းထောက်အဖွဲ့(လားရှိုး)

❍ ကျောဖုံးမှ

အခု မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့ စင်ကာပူ၊ ဟောင်ကောင် ခရီးစဉ်ပြီးတဲ့နောက်မှာ ဗန်ကောက်ကို ပြန်လည်ပြေးဆွဲနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒီခရီးစဉ်အတွက် စိန်ခေါ်မှုတွေကတော့ အများကြီးရှိပါတယ်။ ကောင်းမွန်တဲ့ဝန်ဆောင်မှုနဲ့ ချိုသာတဲ့ဈေးနဲ့ ဗန်ကောက်ခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်တဲ့အပေါ်မှာလည်း ဂုဏ်ယူမိပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း အမှူဆောင်အရာရှိ ချုပ် ကပ္ပတိန် သန်းထွန်းက ပြောသည်။

ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ နေ့စဉ်ပြေးဆွဲပေးမည့် ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ကို နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြေးဆွဲပေးမည့် ခရီးစဉ်အချိန်ဇယားမှာ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေနေ့တို့တွင် ရန်ကုန်မှ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်သည်။ အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် ရန်ကုန်မှ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ထွက်ခွာပေးမည်ဖြစ်၍ စနေနေ့တွင် ရန်ကုန်မှ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် ဗန်ကောက်လေဆိပ်မှ ပြန်လည်ထွက်ခွာမည့်အချိန်မှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေနေ့တို့တွင် ဗန်ကောက်မှ ည ၉ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ အင်္ဂါနှင့် ကြာသပတေးနှင့် စနေနေ့တို့တွင် ည ၈ နာရီ ၅၅ မိနစ်တို့တွင် လည်းကောင်း ထွက်ခွာ ပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်လက်မှတ်ခအနေဖြင့် ရန်ကုန်-ဗန်ကောက်-ရန်ကုန် ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၃၉ ဒေါ်လာဖြင့် (လေယာဉ်ဆီဖိုးနှင့် လေဆိပ်အခွန်ခမျှားအပါအဝင်) စတင် အရောင်းမြှင့်တင်လျက်ရှိကြောင်း သိရသည်။ Business Class နှင့် Premium ခရီးသည်များအတွက် အထူးဝန်ဆောင်မှုအနေဖြင့် မင်္ဂလာပါဝန်ဆောင်မှုဖြစ်သော လေဆိပ် Check-in မှစ၍ လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဝန်ဆောင်မှုများတွင် မြန်ဆန်သော ဆောင်ရွက်မှုများ အပါအဝင် မင်္ဂလာပါလေယာဉ်ကွင်းကားကြို/ပို့ဝန်ဆောင်မှုအား ရယူရန် ကြိုတင်မှာကြားနိုင်သည်ဟု သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် စင်ကာပူ၊ ဟောင်ကောင်နှင့် ဗန်ကောက်ခရီးစဉ်တို့အပြင် ဆက်လက်၍ ပြည်ပခရီးစဉ်များအဖြစ် ချင်းမိုင်၊ တိုင်ပေတို့သို့လည်း ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဟု သိရပြီး ယခုလအတွင်း ဘိုရင်းလေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိလာကာ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။

(ဆုနှင်းလွဲ)

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြပါရှိသော "ကြေးမုံရွာတွင် ဆိုင်းဆရာကြီး စိန်ကြာပေါ အထိမ်းအမှတ်ရုပ်တုလာရောက်လေ့လာနိုင်" သတင်း၌ ဆိုင်းဆရာကြီး စိန်ကြာပေါအစား ဆိုင်းဆရာကြီး စိန်ကြာပေါ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(၆၂၄)**

မြန်မာစာသည် တို့စာဟု ကြွေးကြော်ရန်အချိန် ထပ်ရောက်နေပြီလား

(ဆွေညီ)

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က စာစောင်တစ်ခုတွင် ဖတ်ခဲ့ဖူးသည့် ဟာသလေးတစ်ခုကို ယနေ့တိုင် သဘောကျမှတ်မိနေသေးသည်။

အတန်းပညာအားနည်းသည့် ကိုယ်ဝန်သည် ဇနီးဖြစ်သူက ရှေ့တန်းရောက် ခင်ပွန်းစစ်သည်ထံ "ကျမလည်း ကိုဝင်းကြည်နဲ့ ဖြစ်နေတော့ ဒုက္ခရောက်တယ်"ဟု ရေးသားခဲ့ရာ ခင်ပွန်းသည်က နောက်တန်းတွင်ကျန်ခဲ့သော အစအနောက်သန်သည့် သူငယ်ချင်းဝင်းကြည်က သူ့မိန်းမကို နောက်ပြောင်နေသည့်အတွက် ရန်ဖြစ်နေရသည်ဟု ပြောသည်ထင်ခဲ့ပြီး သူငယ်ချင်းကို စိတ်ဆိုးနေခဲ့သည်ဟူသည့် ဟာသလေးဖြစ်သည်။

ယနေ့အထိလည်း ကိုယ်ဝန်နှင့် အမျိုးသမီးဟု ပြောမည်ကြံတိုင်း နှုတ်မှ "ကိုဝင်းကြည်နဲ့ ဖြစ်နေတဲ့အမျိုးသမီး"ဟု ပြောမိသည်အထိ ထိုဟာသ၏ သြဇာကိုခံနေရဆဲဖြစ်သည်။ လျှောင်ပြောင်ခြင်းမဟုတ်ဘဲ ဒါက ဟာသသက်သက်ခံစားခြင်းပါ။

မကြာမီကလည်း ဖေ့စ်ဘွတ်တွင် ဟာသတစ်ပုဒ် ဖတ်လိုက်ရသည်။

အိမ်နီးချင်းဖြစ်သူက ဘေးအိမ်မှလူထံ စာရေးပို့ရာတွင် "ခင်ဗျားရဲ့ wifeကို ခင်ဗျားမရှိတဲ့အချိန်မှာ အသုံးပြုခဲ့တယ်။ နေ့စဉ် ခင်ဗျားသုံးတာထက် ပိုသုံးခဲ့တယ်။ ခင်ဗျားကို ခွင့်မတောင်းခဲ့မိလို့ပါ။ အဲဒီကိစ္စအတွက် တောင်းပန်ပါတယ်"ဟူသည့် သဘောမျိုးရသောစာကို ဖတ်ရှုပြီးနောက် ခင်ပွန်းဖြစ်သူက ဇနီးသည်ကို သေနတ်ဖြင့် ပစ်သတ်လိုက်သည်တဲ့။ နောက်မှ အိမ်နီးချင်းဖြစ်သူက "စာလုံးပေါင်းမှားသွားတာပါ။ ခင်ဗျားရဲ့ wifi ကို သုံးခဲ့တာကို ပြောတာပါ"ဟု ထပ်ရေးသားခဲ့သည်ဟု ဆိုသည်။ သတ်ပုံသတ်ညွှန်း ဘယ်လောက်အရေးကြီးသည်ကို မီးမောင်းထိုးပြသော ဟာသလေးဟု ယူဆလျှင်ရသော်လည်း ဟာသကို ဟာသအမြင်ဖြင့်သာ ကျွန်တော်ခံစားခဲ့သည်။

သတ်ပုံနှင့် ပတ်သက်၍ မြန်မာတွေပဲဖြစ်ဖြစ်၊ နိုင်ငံတကာမှာပဲဖြစ်ဖြစ် ဒီလိုပဲ စာလုံးကျတာ၊ မှားပေါင်းတာ နည်းနည်းတော့ရှိမည်ဖြစ်သည်။ အဓိပ္ပာယ်မလွဲလျှင်ပြီးရောဟု မှတ်ယူခဲ့သည်။ ဝစ္စပေါက် ကျန်တာ၊ ဝစ္စပေါက်ပိုတာ၊ ရရစ်၊ ယပင့်တွေမှားတာ စသည်တို့က စာရေးရာတွင် ရံဖန်ရံခါ ဖြစ်တတ်သည့်သဘော။ ဖြည့်ဖတ်မိ၊ လျှော့ဖတ်မိသည်။ စာလုံးဆင်တူသည့် သတ်ပုံအချို့ လွဲမှားတာပါ ဖြစ်တာသည်ပဲ။

သတ်ပုံနှင့် ပတ်သက်၍ မြန်မာတွေပဲဖြစ်ဖြစ်၊ နိုင်ငံတကာမှာပဲဖြစ်ဖြစ် ဒီလိုပဲ စာလုံးကျတာ၊ မှားပေါင်းတာ နည်းနည်းတော့ရှိမည်ဖြစ်သည်။ အဓိပ္ပာယ်မလွဲလျှင် ပြီးရောဟု မှတ်ယူခဲ့သည်။ ဝစ္စပေါက်ကျန်တာ၊ ဝစ္စပေါက်ပိုတာ၊ ရရစ်၊ ယပင့်တွေမှားတာ စသည်တို့က စာရေးရာတွင် ရံဖန်ရံခါ ဖြစ်တတ်သည့်သဘော။ ဖြည့်ဖတ်မိ၊ လျှော့ဖတ်မိသည်။ စာလုံးဆင်တူသည့် သတ်ပုံအချို့ လွဲမှားတာပါ ဖြစ်တတ်သည်ပဲ။

မိမိတို့ သတင်းသမားများကိုယ်တိုင် ပဲနှင့် ဘဲတွင် မဘဲဟု မှတ်သားထားရတာ၊ ဖူးနှင့် ဘူးတွင် မစားဖူးဘူး၊ သွားဖူးတယ်၊ မသွားဘူးဆိုပြီး မှတ်သားရတာ၊ ဖက်နှင့် ဘက်တွင် လုပ်ဖော်ကိုင်ဖက်နှင့် အရှေ့ဘက်၊ အနောက်ဘက်၊ သူ့ဘက် ကိုယ့်ဘက် ဆိုပြီး ခွဲခြားမှတ်သားရတာ၊ မီနှင့် မှီတွင် ခေတ်မီသည်နှင့် မှီခိုသည်၊ မှီဝဲသည်ဆိုပြီး မှတ်သားရတာ၊ မင်နှင့် မှင်တွင် ဆေးမှင်ကြောင်ဟု မရေးဘဲ ဆေးမင်ကြောင်ဟု ရေးရတာ စသည့်အခြေခံသဘောများကို သတိထားရသည်။

မြန်မာစာဆရာမ ဒေါ်သန်းအိ၊ ဒေါ်သန်းရီ၊ ဒေါ်အေးသန်းတို့၏ တပည့်ဖြစ်သော မိမိတို့သည် အလယ်တန်းအဆင့်မှာပင် မြန်မာစာနှင့်ပတ်သက်၍ တော်တန်ရုံလောက် သတ်ပုံသတ်ညွှန်းများ၊ အရေးအသားများကို အမှားအယွင်းမရှိ ရေးနိုင်သည်ဟု ယနေ့တိုင် ဂုဏ်ယူနေဆဲ။

မနေ့က သူငယ်ချင်းတစ်ယောက်ဆီက ချက်ဘောက်မှတစ်ဆင့် စာတစ်စောင် ပေးပို့လာသည်။ ဘုရားစူး၊ မိုးကြိုးပစ် ဘွဲ့ရတစ်ဦးဟု ဆိုရမည့် သူ့စာကို အရင်တုန်းကလို ဟာသအဖြစ် ကျွန်တော် သဘောမကျနိုင်။ မခံစားနိုင်။ သူငယ်ချင်းက မြန်မာစာကို တော်တော်လေးဖြစ်သလို ရေးလာ၍ ကျွန်တော် လန့်သွား သည်။

ဒီစာကိုဖတ်ရပြီး မြန်မာစာသည် တို့စာဟု ဒုတိယမွဲ ကြွေးကြော်ရန် အချိန် ရောက်ပြီလားဟု ကျွန်တော်ဆိုရခြင်းဖြစ်သည်။ သူ့စာက ---

သယ်ဂျင်း

ဖေ့စ်ဘွတ်မှာတင်တဲ့ မင်းဆောင်းပါးတွေ ခနခန ဖက်ရဒယ်။ ကျေးကျေးဘာသယ်ချင်း။ ငါလည်း ဖေ့စ်ဘွတ်မှာ တစ်ရက် သုံးလေးနာရီလောက် တက်ပြီး ဖက်ဖြစ်ပေမယ့် စာအုပ်စာစောင်တွေ၊ ဘာသာရပ်၊ ပညာရပ်ဆိုင်ရာ စာအုပ်တွေတော့ မဖက်ဖြစ်ဘူး။ ဒါ ငါ ဝံခံတာပါ။

အခုခေတ်က စာတက်ပေမယ့် စာဖက်တဲ့သူ နည်းသွားပြီ။ လူငယ်တွေကော၊ လူကြီးတွေကော စာမဖက်ကြတော့ဘူး။ ငါ ခလေးတွေကိုတော့ စာဖက်ဝါသနာပါဖို့ တိုက်တွန်းနေတာဘာဘဲ။

ဒီခေတ်က မလွယ်ဖူးကွ။ အသိပညာအားနည်းလာတော့ ကမ္ဘာမှာရောမြန်မာမှာပါ သူများအသက်ကို အလွယ်တကူ သက်ချင်ကြတယ်။ အပ္ပါယ်လားမှာ မကြောက်ကြဘူး။ ရုပ်မြင်သံကြားသတင်းတွေ၊ သတင်းဂျာနယ်တွေဆို မဖက်ရဲ၊ မကျိရဲလောက်အောင်ပဲကွာ။

ဘာသာတရားအရ လူတိုင်းက ကံစည်မံရာ ဖြစ်မှာပဲ။ ကြံစီတိုင်းလည်း ဖြစ်ခြင်မှ ဖြစ်တာလေ။ သိပေမယ့် လက်ခန်ဖို့တော့ ခတ်ဒယ်သယ်ချင်း။

မင်းရန်ကုန်ရောက်သေးလား။ ရန်ကုန်မှာလဲ တံတားတွေ စောက်လိုက်ကျတာ စိုတာလေ ပြောမနေပါနဲ့တော့။ မပြောရဲ မစိုရဲနဲ့ ဒီအတိုင်း ရပ်ကြိုနေရတော့ ကိုယ့်ကိုကို ဆောက်သုံးမကျသလို ခံစားရဒယ်။ မင်းမိတ်ဆွေတွေ စောက်လုပ်ရေးလုပ်ငန်းမှာ ရှိရင်တော့ မင်းလည်းထောမှာပေါ့။ စတာဘာ စတာဘာ။

ကမ္ဘာ့ဆီဈေးတွေ ကြစင်းပေမယ့် မြန်မာ့ဆီဈေးကတော့ တကယ့်ဖုရားဆူးမိုးကျိုးပစ်ဘဲနော်။ ဘယ်လိုလုပ်မလဲ။ တတ်တုံးကတော့ အတူတတ်ပြီး ကျဖို့တော့ ဒီမှာ အီလေးစွဲနေဒယ်။ ဆီဈေးတွေကြစင်းပြီး ကုန်စျေးနှုန်းတည်ငြိမ်မှ အစင်ပြေမှာ မဟုတ်လား။

မင်းသိဒဲ့အတိုင်း ကမ္ဘာကြီးလဲ မလုံချုံတော့ဘူး။ တို့နိုင်ငန်မှာလဲ လုံချုံရေး ဆောင်ရွက်တာမှာ ကြိုးပေါက်မှုတွေရှိဒယ်။ ဒုဆရိုက်ကောင်တွေက ထောင်ထဲဝင်လိုက် ထွက်လိုက်နဲ့။ ဘယ်လိုနီးနဲ့ လွတ်လာလွတ်လာ လူကောင်းပျံ့ဖြစ်ဖို့ ကောင်းဒါပေါ့။ သူတို့က ခိုးစိုးလုရက်ဒါကလွဲလို့ ကြံတာ ဘာအလုပ်မှ ကောင်းကောင်းမလုပ်ချင်ဘူး။ ဒီလိုကောင်မျိုးတွေကို တရားဥပဒေတွေမလိုပဲ ဖြစ်တဲ့နေရာမှာတင် တစ်ယောက် နှစ်ယောက်လောက်ကို ပြစ်သတ်လိုက်သင့်ဒယ်။ ဒါမှ မှတ်မှာ။ မင်းလည်း အဆင်ပြေရင် ပြေသလို လူကြီးတွေစီကို တင်ပျပေးပါ။

မင်းရော အဆင်ပြေတယ် မဟုတ်လား။ အေးပေါ့လေ လူတိုင်းကတော့ အခတ်အခဲရှိတာပါပဲ။ ဘာပဲဖျစ်ဖျစ် စိတ်ဓါတ်မကြပါနဲ့။

ဒီခေတ်လူငယ်တွေက မိမိထက် အသက်အားဖြစ်ကြီးသူကို ရိုသေမှု မရှိကြတော့ဖူး။ ပက်ဝန်းကျင်ကလည်း မကောင်းဘူး။ မင်းလည်း အဆဆ အရာရာ သတိထားပါ။ မင်္ဂလာစျေး မီးလောင်တာ မင်းသိတယ် မဟုတ်လား။ မီးဘေးအန္တရာယ်က ဆိုးရိမ်ရတာ တစ်နှစ်ပက်လုံးပဲ။

ဒိပြင်ကို ငါတို့ရပ်ကွက်မှာ ဘေးအိမ်တွေ ညဖက် ညဉ့်နက်တဲ့အထိ စူပူ၊ အော်ဟစ်၊ ကခုံနေတာကြောင့် လူကြီးတွေအပါအဝင် ဘယ်သူမှ ကောင်းကောင်း မအိပ်ဆက်နိုင်ဘူး။ ဂါဝရတရားလည်း အားနည်းဒယ်။ ထိုင်ကတော့စရာ မလိုပါဘူး။ ကိုယ်ခြင်းစာတရားရှိရင်တော်ပါပြီ။ အခုတော့။

ကြူးကြော်အိမ်တွေကလည်း တမှောင့်ကွာ။ ငါ့မယားညီအကို့ရဲ့ ဘောက်ထော်ဘက်ကခြံမှာ ကြူးကြော်တွေရှင်းတာ ငွေသိန်း ၅၀ လောက်တောင် ကုန်သွားဒယ်။ မင်းလည်း ခြံတွေအိမ်တွေရှိရင် အခုကထဲက သေချာထိမ်းသိမ်းဦး။ သူတို့ကို နောက်ကျမှ သွားရှင်းရင်လည်း မြတ်နှာပြတ်ရ သေးတယ်။

တော်သေပြီ။

မင်းရဲ့ သယ်ဂျင်း
ချစ်တီး

တချို့က ဆင်ခြေပေးမည်။ "ဖုန်းနဲ့ဆိုတော့ ဒီလိုပဲ အလွယ်ရေးလိုက်တာပဲ၊ ဒါကစာကိုဖျက်ဆီးတာ မဟုတ်ဘူး။ ဖေ့စ်ဘွတ်ပေါ်မှာမို့ ပေါ့ပေါ့ပါးပါးရေးတာပဲ၊ ဘာဖြစ်လဲ"စသည်ဖြင့် ပြောကြမည်။ အတုမြင် အတတ်သင်ဆိုတာရှိသည်။ နောင်လာမည့် လူငယ်လူရွယ်များ အတွက်ပဲဖြစ်ဖြစ်၊ ဖေ့စ်ဘွတ်တွင်သာ စာဖတ်သော ချစ်တီးလို သူငယ်ချင်းမျိုးတွေအတွက်ပဲ ဖြစ်ဖြစ်၊ မည်သည့်နေရာတွင် မြန်မာစာကိုရေးရေး အတတ်နိုင်ဆုံး မှန်မှန်ကန်ကန်လေး သတိထားရေးပေးကြပါဟု တောင်းဆိုချင်မိပါသည်။

ရှေးက ကျွန်တော်တို့၏ ဘိုးဘွားမိဘများသည် ဤကဲ့သို့ ကြွေးကြော်ခဲ့ပါသည် -

"မြန်မာပြည်သည် တို့ပြည်
မြန်မာစာသည် တို့စာ၊
မြန်မာစကားသည် တို့စကား။
တို့ပြည်ကို ချစ်ပါ၊
တို့စာကို ချီးမြှင့်ပါ။
တို့စကားကို လေးစားပါ"။ ။

မြို့တွင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်

မတ္တရာ ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မြို့အဝင်လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲယာတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မတ္တရာမြို့နယ် စည်ပင်သာယာရေးကော်မတီက မြို့တွင်းသန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင် ပိုလ်ချုပ်လမ်းဘေးဝဲယာတစ်လျှောက်ရှိ ပလက်ဖောင်းများပြုပြင်ခြင်း၊ ဆေးသုတ်ခြင်း၊ ပန်းအလှပင်များ ပြုပြင်ခြင်းနှင့် မြက်ပင်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွေးချယ်တင်မြှောက်

ဆော ဇန်နဝါရီ ၃၀

ဂန့်ဂေါခရိုင် ဆောမြို့နယ် စည်ပင်သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ဇန်နဝါရီ ၂၈ရက်က ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ရွေးချယ်တင်မြှောက်သည်။

ရွေးချယ်တင်မြှောက်ပွဲတွင် ဆောမြို့ပေါ်ရှိ သီရိရပ်ကွက်နှင့် ဇေယျာရပ်ကွက်တို့မှ အိမ်ထောင်စု ၅၀ လျှင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းဖြစ်ကြောင်းသိရသည်။

(၄၈၅)

နေပြည်တော် ဇန်နဝါရီ ၃၀

စာဖတ်ရိုက်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရိုက်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား။ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က စာဖတ်ရိုက်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်က စာဖတ်ရိုက်မြှင့်တင်ရေးပွဲတော် ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်နောက် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **(ယာဝုံ)**

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အတွင်းရှိ ကျောင်းစာကြည့်တိုက်များ အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လျှုဒါန်းသည့် သုတ၊ ရသ စာအုပ်စာစောင်များကို ညွှန်ကြားရေးမှူး(ပြန်/ဆက်)ဦးကျော်ဆင့်က မြို့နယ်ပညာရေးမှူး ဦးသန်းလင်းထံ ပေးအပ်လျှုဒါန်းသည်။

ထို့နောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးကျော်ဆင့်၊ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ပျဉ်းမနား မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ဆုရရှိကြသည့်ကျောင်းသား ကျောင်းသူများနှင့်မိဘများ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

၆၆ ကေဗွီ ပုသိမ် - ရေတက်ကောင်း-ငပြေမ ဓာတ်အားလိုင်း ကြိုးဆွဲ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ ကေဗွီ ပုသိမ် (ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

၂၃၀ ကေဗွီ ပုသိမ် (ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံကို ညဘက်ပိုင်းတွင် တွေ့ရစဉ်။

ရောဝတီတိုင်းဒေသကြီးတွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆယ်ပွားတိုးတက်စေရန်၊ စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရန် ပုသိမ် ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံကို တည်ဆောက် ဖွင့်လှစ်ခဲ့သည်။



ဇလွန်မြို့နယ်ရှိ ဝါသလရွာနှင့် မေဒုံရွာအကြား ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြစ်ကမ်းအခြေပြုပုံ။

ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပြိုမှုများမှ ကာကွယ်နိုင်ရန် ကွန်ကရစ်တိုင်များဖြင့် မြစ်ကမ်းထိန်းသိမ်းကာကွယ်မှုကို တွေ့ရစဉ်။

❒ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ကန်ကြီးထောင့်မြို့သို့ရောက်ရှိပြီး ၂၃၀ ကေဗီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဆန်စပါးစိုက်ပျိုးရေး ကောင်းမွန်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆပွားတိုးတက်စေရန်၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပုသိမ် ၂၃၀ ကေဗီ ပင်မဓာတ်အားခွဲရုံကို ဖွင့်လှစ်ပြီး ဓာတ်အားများ ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်း ဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု သမိုင်းတွင် မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ပထမအဆင့်ကို ၁၉၇၅ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအဆင့်ကို ၁၉၈၄ ခုနှစ်တွင် လည်းကောင်း တည်ဆောက်ခဲ့ပါကြောင်း၊ ထိုစဉ်ကာလက ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် လျှပ်စစ်ဓာတ်အား ၁၄ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်-လှိုင်သာယာမှ အသုတ်မြို့သို့ ၂၃၀ ကေဗီဓာတ်အားလိုင်း တည်ဆောက်ခဲ့ပြီး တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ၂၀၁၀ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၏ ဓာတ်အားသုံးစွဲမှုမှာ မဂ္ဂါဝပ် ၆၀ ရှိရာမှ တဖြည်းဖြည်း ဓာတ်အားတိုးတက်သုံးစွဲလာမှုကြောင့် ၂၀၁၅ ခုနှစ်တွင် မဂ္ဂါဝပ် ၉၀ ကျော် ရှိလာပြီဖြစ်ပါကြောင်း။

ဧရာဝတီတိုင်း ဒေသကြီးအတွင်း တိုးတက်သုံးစွဲလာသည့် ဓာတ်အားလိုအပ်ချက်ကို အသုတ်ဓာတ်အားခွဲရုံ တစ်ရုံတည်းဖြင့် မလုံလောက်သည့်အတွက် အသုတ်-ပုသိမ် ၂၃၀ ကေဗီ ဓာတ်အားလိုင်းနှင့် ယခု ၂၃၀ ကေဗီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံကို နိုင်ငံခြားငွေယူရှိ ၁၂ ဒသမ ၈၅၃ သန်း၊ မြန်မာငွေကျပ် သန်းပေါင်း ၅ ဒသမ ၃၅၀ အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ပုသိမ်မှ ငပုတော၊ ငရုတ်ကောင်း၊ ငပြေမဒေသများကိုလည်း ၆၆ ကေဗီ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးခဲ့သဖြင့် ငရုတ်ကောင်းတောင်၊ ကျုံကူး၊ ရဲခေါင်ကြီးတောင်၊ ရေကျော်၊ ရေတွင်းကုန်း၊ ပျဉ်းမကွင်း၊ ငပြေမ၊ ငပြေမအပေါ်စု၊ ငပြေမအောက်စု၊ ကမ်းနားစုစသည့် ကျေးရွာများကိုလည်း ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၇၃၉ ရွာကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး အရှေ့ခြမ်းကို ဓာတ်အားပြည့်ဝတည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် လှိုင်သာယာ-ကျိုက်လတ် ၂၃၀ ကေဗီ ဓာတ်အားလိုင်းနှင့် ကျိုက်လတ် ၂၃၀ ကေဗီ၊ ၁၀၀ အမ်ဗီအေ ဓာတ်အားခွဲရုံတို့ကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် စျေးကွက်စီးပွားရေးပြောင်းလဲကျင့်သုံးခဲ့ရာ လျှပ်စစ်ဓာတ်အား လိုအပ်ချက် အဆမတန်မြင့်မားလာသည့် အခြေအနေနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များ ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ဓာတ်အားပေးစက်ရုံများမှ တစ်ဆင့် ရေအား ၃၁၈၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ ၁၈၂၉ မဂ္ဂါဝပ်၊ ကျောက်မီးသွေး မဂ္ဂါဝပ် ၁၂၀၊ ဒီဇယ် ၁၀၁ မဂ္ဂါဝပ်တို့ဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၅၂၃၅ မဂ္ဂါဝပ် ရရှိလာမည်ဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်ကာလတွင် ၃၄၁၃ မဂ္ဂါဝပ် သာရှိသည့်အတွက် ၁၈၂၂ မဂ္ဂါဝပ်ခန့် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မြို့ပေါင်း ၃၉၈ မြို့၊ ရွာပေါင်း ၂၉၃၀၄ ရွာကို ဓာတ်အား ဖြန့်ဖြူးပေးထားနိုင်ပြီဖြစ်၍ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်းတို့မှာ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ကြမည်ဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် ရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသုံးခု စုစုပေါင်း ၂၀၄၂ ဒသမ ၂ မဂ္ဂါဝပ်ကို လျာထားနှစ်ထက် ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်စေရန်အတွက် ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ လျှပ်စစ်ဓာတ်အားပေးနိုင်စေမည့် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက် (National Electrification Plan) ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ ကေဗီ ပုသိမ် (ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံ ကမ္မည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်း ဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဓာတ်အားခွဲရုံဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ၂၃၀ ကေဗီ ပုသိမ် (ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပင်မဓာတ်အားခွဲရုံ ကမ္မည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံ စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယခုဖွင့်လှစ်သည့် ၂၃၀/၆၆/၁၁ ကေဗီ ၂×၅၀ အမ်ဗီအေ ပုသိမ် (ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံမှ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသရှိ မြို့နယ်များနှင့် ကျေးရွာများကို ၂၄ နာရီပတ်လုံး ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ အဆိုပါဓာတ်အားခွဲရုံမှ ဆက်လက်ဖြန့်ဖြူးနိုင်ရန် ၆၆ ကေဗီ ပုသိမ် - ငရုတ်ကောင်း- ငပြေမ ဓာတ်အားလိုင်း၊ (၆၆/၁၁)ကေဗီ ငပြေမဓာတ်အားခွဲရုံနှင့် (၆၆/၁၁) ကေဗီ ငရုတ်ကောင်းဓာတ်အားခွဲရုံ တို့ကိုတည်ဆောက်ကာ ရွှေသောင်ယံ၊ ငွေဆောင်၊ ချောင်းသာ၊ ငရုတ်ကောင်း၊ ငပြေမ၊ ထီးချိုင့်၊ ငပုတော၊ အုတ်ရှစ်ကွင်းနှင့် ကျုံကူးအတွင်းရှိ ကျေးရွာ ၁၉၂ ရွာမှ အိမ်ခြေ ၄၀၇၀၀ ကျော်ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

ဧရာဝတီတိုင်း ဒေသကြီးသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် ၂၃၀ ကေဗီ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ဓာတ်အားလိုင်းများဖြစ်သည့် ၆၆ ကေဗီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းတို့ တည်ဆောက်ခြင်းကြောင့် ဒေသတွင်းသို့ လျှပ်စစ်ဓာတ်အားများ ပြည့်ဝတည်ငြိမ်စွာ ပိုမိုဖြန့်ဖြူးနိုင်ပြီး စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝပိုမို၍

စာမျက်နှာ ၉ သို့ ✪

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်တုန်းမြို့ စည်ပင်တာ ကမ်းအို ကမ်းလျှောဖြစ်ပွားခဲ့သည့်အတွက် စက်ယန္တရားကြီးများဖြင့် ပြန်လည်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ စာမျက်နှာ ၈ မှ

အဆင့်အတန်း မြင့်မားလာစေရန် အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်ဆောင်ရွက်ခဲ့သော စီမံကိန်းများမှာ ၂၃၀ ကေဗွီ အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း ၃၀ ဒသမ ၂၅ မိုင် တည်ဆောက်ခြင်း၊ အသုတ်ပင်မ ဓာတ်အားခွဲရုံတွင် Switch Bay တစ်ခု တိုးချဲ့တည်ဆောက်ခြင်း၊ ပုသိမ်(ကန်ကြီးဒေါင့်)တွင် ၂၃၀ကေဗွီ၊ (၂ × ၅၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ၆၆ ကေဗွီ ပုသိမ် - ငရုတ်ကောင်း - ငပြေမ ဓာတ်အားလိုင်း ၇၆ ဒသမ ၅ မိုင်နှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ၆၆ ကေဗွီ၊ ၁၀ အမ်ဗွီအေ၊ ပုသိမ် (မြက်တို)ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းတို့ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာခဲ့ကြပြီး ဒူးယားအင်း၊ ဝါသာလှတာနှင့် မေဒုံပန်းတာတို့အား မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအခြေအနေများကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဒူးယားအင်းမှာ ဧလွန်မြို့နယ် ဝါသလရွာနှင့် မေဒုံရွာများနောက်ဘက်ကပ်လျက်တွင်ရှိသည်။ ဟသ်ာတမြို့ အောက်ဘက် အောက်ရွာလေးကျေးရွာအနီးမှစ၍ ကွေ့ကောက်စီးဆင်းသည့် ဧရာဝတီမြစ်မသည် အရှေ့ဘက်သို့ လည်းကောင်း၊ မြစ်ခွဲ ငယ်တစ်ခုသည် တောင်ပို့တရာ ရွာဘက်သို့လည်းကောင်း ခွဲထွက်ကာ မြစ်ကမ်းပါးများကို တိုက်စားစီးဆင်း လျက်ရှိသည်။ ရေဦးထိုးတိုက်စားမှုနှင့် သဲဆန်သည့်ကမ်းပါးများကြောင့် ဝါသလရွာနှင့် မေဒုံရွာအနီး မြစ်ကမ်း တိုက်စားနှုန်းများပြားပြီး မြန်ဆန်လျက်ရှိရာ ဝါသလရွာနှင့် မေဒုံရွာများ နောက်ဘက်ကပ်လျက်တည်ရှိသည့် ဒူးယားအင်းသို့ ရောက်လုနီးပါးအခြေအနေတွင် ရှိနေသည်။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ် ဝါသလရွာနှင့် မေဒုံရွာများအနီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပြိုမှုများဖြစ်ပွားပြီး တာတမံများပျက်စီးကာ ရေသေးအန္တရာယ်ကျရောက်မှုများမှ ကာကွယ်နိုင်ရန်အတွက် အစီအမံများရေးဆွဲ လျက်ရှိသည်။

မေဒုံပန်းတာသစ်၊ ဝါသာလှနှင့် မေဒုံရွာအနီး မြစ်ကမ်းပါးအလျား ပေ ၅၅၀၀ ကမ်းထိန်းဆောင်ရွက်ပြီး ပါက ကျေးရွာများ၊ စာသင်ကျောင်း၊ ဆေးခန်းနှင့် သာသနိကအဆောက်အအုံများ နှစ်စဉ်နီးပါး ရွှေ့ပြောင်းရခြင်းနှင့် ဆုံးရှုံးရခြင်း၊ လယ်၊ ယာ၊ ကိုင်းနှင့် ဥယျာဉ်ခြံမြေများ ပျက်စီးဆုံးရှုံးရခြင်း၊ နှစ်စဉ်ရေသေးအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်သည်။

ဟသ်ာတနှင့် ဧလွန်မြို့နယ်များ အတွင်း ဧရာဝတီမြစ်နှင့်ဆက်စပ်၍ ကိုင်းမြေ ဧက ၄၀၀၀ ခန့် ပေါ်ထွန်းလာမည်ဖြစ်၍ ဒေသအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှုလျော့နည်းလာမည် ဖြစ်သကဲ့သို့ မြစ်ကမ်းထိန်းလုပ်ငန်းများနှင့် ပန်းတာများ နှစ်စဉ်နီးပါး တည်ဆောက်ရသည့် ကုန်ကျစရိတ်များကိုလည်း လျော့နည်းသက်သာစေမည်ဖြစ်သည်။

ထို့ပြင် ဧလွန်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်များအတွင်းရှိ မြေရေယာဧကသုံးသိန်းကျော်ကို ရေသေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညောင်တုန်းမြို့သို့ရောက်ရှိပြီး ညောင်တုန်းမြို့ စည်ပင်တာ ကမ်းအို ကမ်းလျှောဖြစ်ပွားခဲ့သည့်အတွက် စက်ယန္တရားကြီးများဖြင့် ဘိုးပိုင်ရိုက်သွင်းခြင်းနှင့် ကမ်းနားတာကို ပြုပြင်မြှင့်တင်ခြင်း၊ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် TetraPot တုံးများကို ကရိန်းများဖြင့် ရေထဲသို့ချခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ညောင်တုန်းမြို့ ပတ်တာမှာ ညောင်တုန်းမြို့ကို ရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်ပေးထားခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း ဧရာဝတီမြစ်ရေကြီးခဲ့စဉ် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ကလည်း ပန်းလှိုင်မြစ်ကမ်းပြိုမှုဖြစ်ပေါ်ခဲ့သဖြင့် လည်းကောင်း၊ ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်း (၈)လမ်းနှင့် (၁၁) လမ်းအကြားအပိုင်းတွင် အလျားပေ ၃၀၀၊ အနံပေ ၅၀ နှင့် ပျမ်းမျှအနက် ၁၅ ပေခန့် မြစ်ကမ်းပါးအိလျှော နိမ့်ဆင်းခဲ့သဖြင့် လည်းကောင်း၊ ပြုပြင်တည်ဆောက်ဆဲဖြစ်သော ညောင်တုန်းမြို့ပတ်တာ၏ ပေတိုင် (၃+၇၆၀)ပေမှ(၄+၀၆၀)ပေအတွင်းရှိ အုတ်မြေထိန်းနံရံ အလျားပေ ၂၀၀ ခန့် ပြိုကျခဲ့သဖြင့် လည်းကောင်း ညောင်တုန်းမြို့ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်နိုင်ရန် အရေးပေါ်ရေသေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခုနှစ်မိုးရာသီမတိုင်မီ ဆောလျင်စွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့ပတ်တာပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ယခုနှစ်မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ညောင်တုန်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒူးယားအင်း၊ ဝါသာလှတာနှင့် မေဒုံပန်းတာတို့အား မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအခြေအနေများကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

(၁၄)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆရာဝန်တင်ရွှေ စာပေဆုရစာအုပ်များ၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဂုဏ်ဆောင်ဆုရ စာရေးဆရာအောင်ခန့် (တက္ကသိုလ်ဝင်းမွန်)၊ လင်းလွန်းခင်စာပေမှထုတ်ဝေသည့် "နှင်းဆီနံ့မွှေးနှင့် အခြားစာပေဆောင်းပါးများ"စာအုပ်ရေးသားသူ မြင်း(ဒဿန) နှင့် ခိုင်ဇင်စိုးစာပေတိုက်မှ ထုတ်ဝေသည့် "လူသားတိုင်းပါဝင် သဘာဝပတ်ဝန်းကျင်" စာအုပ်ရေးသားသူ ပါမောက္ခ ဒေါက်တာဦးအေးမြင့်တို့အား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဆရာမင်းယုဝေက မင်းမင်းမြတ် စာပေမှထုတ်ဝေသည့် "တောဆရာဝန်" စာအုပ်ရေးသားသူ ဒေါက်တာထက်အောင်(ဗန်းမော်)နှင့် Su Su Mi စာပေတိုက်မှ ထုတ်ဝေသည့် "The Chronicle of the Mons & The Collection of Histories of their Pagodas" စာအုပ်ရေးသားသူ Dr. Saw Mra Aung တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆုရွေးချယ်ရေးအဖွဲ့.ကိုယ်စား ဦးစိန်မျိုးမြင့်(ဓာတ်ပုံ) အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သက်ကြီးစာရေးဆရာများအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က လက်ခံကာ ဆုရရှိကြသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ယင်းနောက် စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေ မိသားစုကိုယ်စား သမီးဖြစ်သူ ဒေါ်သက်သက်ရွှေက "အဓိကကတော့ စာပေနယ်မှာ အဖေက အကျိုးပြုစာပေတွေ၊ စာအုပ်တွေ အများကြီးပေါ်ထွက်စေချင်တယ်။ စာပေက အဓိကအခြေခံကျတယ်လို့ မြင်ပါတယ်။ ဆုချီးမြှင့်ပွဲကို ၂၀၀၀ ပြည့်နှစ်ကတည်းက ချီးမြှင့်ခဲ့တာ။ အခုဆိုရင် ၁၄ ကြိမ်ရှိပါပြီ။ တစ်သက်တာ စာပေဆုကိုတော့ ၁၀ ကြိမ်မြောက်ကစပြီး ချီးမြှင့်ခဲ့ပါတယ်။ မြန်မာစာပေရေးသားသူ၊ ဖတ်ရှုသူ၊ ထုတ်ဝေသူ တိုးတက်လာဖို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာအောင် တစ်ထောင့်တစ်နေရာက အားဖြည့်ကူညီပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။ **(ရီရီမြင့်၊ ဥမ္မာသန်း)**

မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ သုံးမြွှာပူးကလေး ခွဲစိတ်မွေးဖွား

မကွေး ဇန်နဝါရီ ၃၀

စလင်းမြို့နယ် တောင်ကန်အုပ်စု တောင်ကန်ကျေးရွာနေ မသူဇာဝင်းအသက်(၃၀)နှစ်မှ မကွေးမြို့ ပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ်ဆောင်၌ ဇန်နဝါရီ ၂၅ ရက်က သုံးမြွှာပူးကလေးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားခဲ့ကြောင်း သိရသည်။

မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ယခုနှစ်အတွက် ပထမဆုံးအကြိမ် ခွဲစိတ်မွေးဖွားပေးခဲ့သော သုံးမြွှာပူးကလေးငယ်များ၏ မိခင်မှာ ကိုယ်ဝန်စဆောင်စဉ်အခါကပင် ဂရုတစိုက်နေထိုင်စားသောက်ခဲ့ပြီး ကိုယ်ဝန်ငါးလနီးပါးရှိလာသောအခါ မကွေးမြို့သားဖွားမီးယပ်ပါရဂူနှင့်ပြသ၍ အာထရာဆောင်းရိုက်ကြည့်ရာ သုံးမြွှာပူးဟုသိခဲ့ရပြီး မွေးဖွားမည့်ရက်ကို ဖေဖော်ဝါရီလကုန်ဟုသတ်မှတ်ပေးခဲ့သော်လည်း နာကျင်ကိုက်ခဲမှုဝေဒနာကို များစွာခံစားရသဖြင့် သတ်မှတ်ရက်ထက် တစ်လကျော်စောပြီး မွေးဖွားခဲ့ရာ ကလေးငယ်များနှင့်အတူ မိခင်ဖြစ်သူပါ ကျန်းကျန်းမာမာရှိကြောင်း မသူဇာဝင်းက ပြောခဲ့သည်။

သုံးမြွှာပူးကလေးငယ်များမွေးဖွားမှုနဲ့ပတ်သက်၍ မကွေးတိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ တာဝန်ရှိသူအား ဆောင်ရွက်ပေးထားခြင်းများကို ဆက်သွယ်မေးမြန်းခဲ့ရာ "လောလောဆယ် ကလေးတွေရဲ့မိခင်အတွက် အမျိုးသမီးအသုံးဆောင်ပစ္စည်း(၁၀)မျိုး သားဖွားဆောင်ကိုသွားရောက်ထောက်ပံ့ပေးခဲ့ပါပြီ၊ သုံးမြွှာပူးမွေးဖွားတဲ့အတွက် ဌာနကသတ်မှတ်ထားတဲ့ထောက်ပံ့ငွေကျပ် ငါးသိန်းကတော့ ယခုနှစ် ဘတ်ဂျက်မမီတော့လို့ နောက်နှစ်ကျမှရတော့မှာပါ၊ မကွေးတိုင်းဒေသကြီးထဲမှာ အလားတူဖြစ်ရပ်မျိုး ပခုက္ကူကလည်းရှိတဲ့အတွက် သေချာစာရင်းပြုစုပြီး သက်ဆိုင်ရာကို တင်ပြထားတဲ့အတွက် လာမယ့်ဘတ်ဂျက်မှာ သေချာထောက်ပံ့ပေးသွားနိုင်မှာပါ"ဟု ပြောသည်။ **ပိုင်ဇေ(မကွေး)**

ထိပ်ဆုံးမှ ရတနာပုံအသင်းနိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၃၀

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(ပထူးကွင်း)

ရတနာပုံ - နှစ်ဝိုး၊ ရခိုင် - ဝိုးမရှိ

နည်းပြရီနေး၏ ဒုတိယမြောက်ရာသီတွင် ရတနာပုံအသင်း ပုံစံကောင်းရနေပြီး အိမ်ကွင်း၌ နိုင်ပွဲထပ်မံရယူကာ ဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ လေးပွဲကစားအပြီးတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၀ မှတ်ရယူထားနိုင်ခြင်းဖြစ်ပြီး ရခိုင်အသင်းမှာ ဒုတိယမြောက်ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ရတနာပုံနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရတနာပုံပုံမှန်ခြေစွမ်းပြနေသည့် ဝါရင့်ကစားသမားရန်ပိုင်ကို ပွဲထွက်လူစာရင်းတွင် ဆက်လက်အသုံးပြုခဲ့ပြီး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ရခိုင်အသင်းမှာ လူစုံအသုံးပြုပြီး အဝေးကွင်းတွင် အမှတ်ရရန်ကြိုးပမ်းခဲ့ရာ ရတနာပုံအသင်း အိမ်ကွင်းတွင် ရှုန်းကန်ခဲ့ရသည်။ ၂၉ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီရခဲ့ပြီး တိုက်စစ်မျှား မာတူနာက အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းကစားပုံပိုကောင်းလာပြီး တစ်မိနစ်အကြာတွင် ဝင်းနိုင်စိုးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းမှာ ချေပဂိုးရရှိရန် တိုက်စစ်အား မြှင့်လာခဲ့ပြီး ရတနာပုံအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ရတနာပုံနောက်တန်းအမှားအယွင်းမရှိခဲ့သလို ရခိုင်တိုက်စစ်မှာလည်း အားနည်းချက်များရှိခဲ့၍ ချေပဂိုးပြန်မရခဲ့ပေ။ ရတနာပုံအသင်းမှာ ဂိုးထပ်မံမသွင်းနိုင်သော်လည်း အနိုင်ရလဒ်ကိုထိန်းကာ တတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဇွဲကပင်အသင်းမှာ တန်းတက် Southern အသင်းကို အောင်မိုး၊ ကင်မ်နှင့် ဇီကိုမစ်တို့သွင်းယူသည့်ဂိုးများဖြင့် သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဟံသာဝတီအသင်းမှာ ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးဖြင့် ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့က ၁၀ မှတ်စီ၊ ဇွဲကပင်အသင်းက ကိုးမှတ်တို့ရရှိထားသည်။

ယနေ့ပွဲ

(မုံရွာကွင်း)	**ဇေယျာရွှေမြေ**	**- ရှမ်းယူနိုက်တက်**
(သုဝဏ္ဏကွင်း)	**မကွေး**	**- Horizon**

(သတင်းနှင့်ဓာတ်ပုံ-ရွှင်းထက်ဇော်)

ကျေးလက်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

မော်ဘီ ဇန်နဝါရီ ၃၀။ ။မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်မ်းရောင်ကျေးရွာ စီမံကိန်း အတိုးရင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဦးက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအဖွဲ့.အစည်းများ၊ မြစ်မ်းရောင်ချေးငွေရရှိထားသော ကျေးရွာ ၁၂ ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် ကော်မတီအဖွဲ့.ဝင်များ တက်ရောက်ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ရုံးမှ ဦးလှဦးနှင့် မြို့နယ်ကျေးလက်ဦးစီးရုံးမှ ဦးစီးအရာရှိ ဒေါ်ရှယ်လီမော်တို့က တင်ပြချက်များအား ပြန်လည်သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ဝါးရင်းတုတ်ဖိုးကေ စိုးထက်ဦးကို စတုတ္ထအချီတွင် အလဲထိုးအနိုင်ရရှိ

မန္တလေး ဇန်နဝါရီ ၃၀

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယမန်နေ့ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ သုံးချီစိန်ခေါ်ပွဲ သုံးပွဲ၊ လေးချီစိန်ခေါ်ပွဲ သုံးပွဲ၊ ငါးချီစိန်ခေါ်ပွဲငါးပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပွဲစဉ်များက အကြိတ်အနယ်ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားခဲ့သဖြင့် လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များ အကြိုက်တွေ့ခဲ့သည်။

သုံးချီစိန်ခေါ်ပွဲတွင် အောင်ထက်အောင်(မန္တလေး)က ဇာနည်(အမရပူရ)ကို ပထမအချီတွင်လည်းကောင်း၊ မင်းထက်သာ(ကျော်ကြီး)က သိန်းရာဇာ(စဉ့်ကိုင်)ကို တတိယအချီတွင်လည်းကောင်း အလဲထိုးအနိုင်ရရှိပြီး မျိုးထွန်း(ကောလင်း)နှင့် ကျောက်ပုတီး(စစ်ကိုင်း)တို့ ပွဲစဉ်တွင် အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

လေးချီစိန်ခေါ်ပွဲသုံးပွဲတွင် တက်သစ်စလူငယ်လက်ဝှေ့သမားများ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း လေ့ကျင့်မှုနှင့် ကြံ့ခိုင်မှုကောင်းသဖြင့် ပြိုင်ပွဲမှာ အားကောင်းခဲ့သည်။ ယက္ခ(ကျားဖြူ)ကရှမ်းညီ (T & T) ကိုဒုတိယအချီတွင် အနိုင်ရရှိခဲ့ပြီး သိန်းနိုင်ထွန်း(ယူနိုက်တက်)နှင့် အံ့ဘွား (ကောလင်း)၊ ကျော်စွာဝင်း (ယူနိုက်တက်)နှင့် ဖိုက်တာ (အဖြူရောင်သွေးသစ်)တို့ပွဲစဉ်တွင် အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

ငါးချီစိန်ခေါ်ပွဲတွင် နိုင်ပိုလ် (T & T)က မဲကြီး(ရွှေလက်သီး)ကို တတိယအချီတွင် အနိုင်ရရှိခဲ့ပြီး ဖိုက်ကေ(ကျားဖြူ)နှင့် သိန်းညီညီ (အလင်းရောင်)၊ ရှမ်းကို(T &T)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်) တို့ပွဲစဉ်တွင် အရှုံး၊ အနိုင် မပေါ်ဘဲ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

သရေကျခဲ့သည့် ပွဲစဉ်များတွင် ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း လေ့ကျင့်မှု ကြံ့ခိုင်မှုကောင်းသဖြင့် အရှုံး၊ အနိုင်မပေါ်ဘဲဖြစ်ခဲ့ရသည်။

ပရိသတ်များ မျှော်လင့်စောင့်စားခဲ့သော ကြိုးဝိုင်းသို့ တစ်ကျော့ပြန် ဝါးရင်းတုတ်ဖိုးကေ(T & T) နှင့် စိုးထက်ဦး (အဖြူရောင်သွေးသစ်)တို့ပွဲစဉ်တွင် သူနိုင်ကိုယ်နိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သဖြင့် ပရိသတ်များ သဘောကျနှစ်သက်ခဲ့သည်။ ဖိုးကေက ပြိုင်ပွဲအစမှ စတုတ္ထအချီထိ တိုက်စစ်ကို ဦးစားပေးပြီး အားပါသော လက်သီးများဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သဖြင့် ကြံ့ခိုင်မှုအားကောင်းသော စိုးထက်ဦး ခုခံကာကွယ်ခဲ့သော်လည်း ဒုတိယအချီတွင် အမှတ်စဉ် တစ်ကြိမ်ရေတွက်ခံခဲ့ရသည်။ တတိယအချီတွင် ဖိုးကေ၏ ပိုက်လက်သီးကြောင့် သုံးမိနစ်အနားတောင်းခဲ့ရသည်။ စတုတ္ထအချီတွင် ဖိုးကေ၏ တရုပ်တိုက်စစ်ကို ကာကွယ်ခုခံနိုင်စွမ်းမရှိသဖြင့် အရှုံးပေးခဲ့ရသည်။

"ယနေ့ ကျင်းပခဲ့တဲ့ပွဲစဉ်တွေကတော့ မန္တလေးသားလက်ဝှေ့ ဝါသနာရှင်များ အကြိုက်ဖြစ်ပါတယ်။ တွဲဆိုင်းအားလုံးက ကောင်းမွန်ပါတယ်။ ဖိုးကေကလည်း အခုပွဲယှဉ်ပြိုင်ထိုးသတ်ဖို့အတွက် အချိန်ယူပြင်ဆင်လေ့ကျင့်ထားပါတယ်။ လက်သီးအားတွေကလည်း အလွန်ကောင်းပါတယ်။ တစ်ဖက်ပြိုင်ဘက် စိုးထက်ဦးက အလွန်မာတာကြောင့် အခုလောက် ပွဲကြာခဲ့ရခြင်းဖြစ်ပါတယ်။ တခြားပြိုင်ပွဲတွေဆိုရင် အစောကြီးပွဲပြတ်သွားနိုင်ပါတယ်။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ရက်မှာ အောင်မြေမန္တလာ မိုးလုံလေလုံအားကစားခန်းမမှာ လက်ဝှေ့ပြိုင်ပွဲ စီစဉ်ထားပါတယ်။ ရဲသွေးနီတို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဖွဲ့စည်းပြီးနောက် လက်ဝှေ့အားကစားဟာ တိုးတက်မှုဖြစ်ပေါ်နေပါတယ်။ မြန်မာပြည်ချန်ပီယံဖြစ်နိုင်ခြေရှိတဲ့ ဖိုးကေကို ပြန်လည်ပွဲထုတ်ပေးရခြင်းဖြစ်ပါတယ်"ဟု ဆရာဒဿက ပြောကြားသည်။

တင်မောင် (မန်းကိုယ်ပွား)

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည် ၁၂ သန်း လက်ခံဆောင်ရွက်နိုင်ရေး တည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ၏ အဓိက အချက်အချာကျသော အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးတစ်ခုဖြစ်လာမည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးအတွက် ချေးငွေရယူမှုဆိုင်ရာ မူဘောင်သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ဇန်နဝါရီ ၃၀ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပခဲ့သည်။

ဟံသာဝတီလေဆိပ်ကို လျာထားချက်ဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းများ ပြီးစီးလည်ပတ်နိုင်ရေးအတွက် ပထမဦးစွာ မူဘောင်သဘောတူစာချုပ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းညွှန်ကြားမှူးဦးစီးဌာနနှင့် HIA (Hanthawaddy International Airport) Myanmar Co.,Ltd တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ လေဆိပ်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းသဘောတူစာချုပ် Concession Agreement ကို ယခုနှစ်အတွင်းတွင် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဟု အဆိုပါအခမ်းအနားမှ သိရသည်။

"လေဆိပ်စီမံကိန်းအတွက် တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါစိစစ်ရေးကော်မတီကနေ စနစ်တကျစိစစ်ပြီးတော့ ရွေးချယ်ခဲ့ပါတယ်။ အဲဒီမှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၀ ရက်မှာ Incheon Airport Consortium ကို တင်ဒါအောင်မြင်သူအဖြစ်၊ Yongnam-CAPE-JGC Consortiumကို အရန်အဖြစ် တရားဝင်ကြေညာရွေးချယ်ခဲ့ပါတယ်။ တင်ဒါအောင်တဲ့ အဖွဲ့အစည်းတွေနဲ့ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုဖို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ရာမှာ စီမံကိန်းကုန်ကျစရိတ်ဆိုင်ရာ ဘဏ္ဍာငွေရင်းနှီးမြှုပ်နှံထည့်ဝင်တဲ့ အပိုင်းမှာ ညှိနှိုင်းမှုမရတဲ့အတွက် ယာယီရပ်ဆိုင်းခဲ့ပါတယ်။ စီမံကိန်းရင်းနှီးမြှုပ်နှံမှုမြင့်မားတဲ့အတွက် ODA ကဲ့သို့ နိုင်ငံခြားချေးငွေ စီမံကိန်းလိုအပ်ချက်ရှိကြောင်း တင်ပြလာမှုအပေါ် မူလတင်ဒါခေါ်ယူစဉ်က ဘဏ္ဍာရေးဆိုင်ရာစည်းကမ်းချက်များအနက် စုစုပေါင်း စီမံကိန်းကုန်ကျစရိတ်ရဲ့ ၅၀ ရာခိုင်နှုန်းထက်မပိုတဲ့ ODA ချေးငွေကို ရယူဆောင်ရွက်နိုင်မှုကို ထပ်မံခွင့်ပြုဆောင်ရွက်ပေးခဲ့တဲ့အတွက် တင်ဒါအောင်အဖွဲ့အစည်းများကို အဆိုပြုချက်များ ပြန်လည်ပြင်ဆင်ပြီး တင်ဒါပြန်လည်တင်သွင်းတဲ့အခါ ကုမ္ပဏီနှစ်ခုလုံးကပြန်လည်တင်ပြခဲ့ပါတယ်။ ဒါကို ထပ်မံစိစစ်ရွေးချယ်တဲ့အခါ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှာ Yongnam-CAPE- JGC Consortium က JGC-Yongnam-Changi Airport International Consortium အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ဟံသာဝတီလေဆိပ်ကြီးကြပ်ရေးကော်မတီနဲ့ ညှိနှိုင်းဆွေးနွေးမှု ၁၀ ကြိမ်ပြုလုပ်အပြီးမှာ ယခုလို ချေးငွေရယူမှုဆိုင်ရာ မူဘောင်သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျပန်နိုင်ငံ JICA ရဲ့ Private Sector Investment Fund က ODA ချေးငွေထုတ်ယူရရှိနိုင်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာစမ်းစစ်မှုကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဘာဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

JGC-Yongnam-Changi Airport International Consortium အဖြစ် ဟံသာဝတီလေဆိပ်စီမံကိန်းကြီးအား အကောင်အထည်ဖော်မှုတွင် JGC မှ ၅၅ ရာခိုင်နှုန်း၊ Yongnam မှ ၂၅ ရာခိုင်နှုန်း၊ Changi Airports International မှ ၂၀ ရာခိုင်နှုန်းဖြင့် အသီးသီးပါဝင်ဆောင်ရွက်သွားရန် ပူးပေါင်းဖွဲ့စည်းခဲ့ပြီး HIA Myanmar Co.,Ltd အနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဗလဆိပ်တည်ဆောက်အကောင်အထည်ဖော်သွားမည့် မြေနေရာမှာ ပဲခူးတိုင်းဒေသကြီး ကျောက်တိုင်ကန်ကျေးရွာအနီး ဒုတိယကမ္ဘာစစ်လေယာဉ်ကွင်းဟောင်းတွင်ဖြစ်၍ မြေကေ ၉၆၉၀ ပေါ်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စီမံကိန်းငွေကြေးရင်းနှီးမြှုပ်နှံမှုပုံစံမှာ ODA ချေးငွေအပိုင်းတွင် အမေရိကန်ဒေါ်လာ ၇၀၆ သန်းခန့် (လုပ်ငန်းစီမံကိန်းကုန်ကျစရိတ် စုစုပေါင်း၏ ၄၉ ရာခိုင်နှုန်းဖြစ်) ဖြစ်ပြီး Airside တည်ဆောက်ရေးအပိုင်းဖြစ်သည့် Runway, Taxiway, Apron, Control Tower နှင့် အထောက်အကူပြု Air Navigation System၊ ပြေးလမ်းအချက်ပြမီး အစရှိသည်တို့အတွက် ဂျပန်နိုင်ငံအစိုးရထံမှ ချေးငွေရယူဆောင်ရွက်မည်ဖြစ်သည်။ Consortium အပိုင်းမှ ရင်းနှီးမြှုပ်နှံထည့်ဝင်မှုတွင် အမေရိကန်ဒေါ်လာ ၇၃၉ သန်းဖြစ်ပြီး (စီမံကိန်းကုန်ကျစရိတ်စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်းဖြစ်) Land Side တည်ဆောက်ရေးအပိုင်းဖြစ်သည့် Terminal, Car Park, အဝင်လမ်း စသည့် တည်ဆောက်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်သည်။

"ခေတ်သစ်မြန်မာနိုင်ငံပေါ်ထွက်ခြင်းရဲ့ အခြေခံအဆောက်အအုံတိုးတက်လာမှုမှာ ပထမဆုံးအနေနဲ့ စင်ကာပူ-ဂျပန် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စင်ကာပူနဲ့ဂျပန်ဟာ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အရည်အသွေးပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး စေ့စပ်သေချာအလေးထားသူများဖြစ်တဲ့အတွက် လက်တွဲလုပ်ဆောင်နေပါတယ်။ ဒီမှာ Changi အပြည်ပြည်ဆိုင်ရာ လေဆိပ်လည်ပတ်မှုနဲ့ စီမံခန့်ခွဲမှုမှတ်တမ်းတွေကနေ သက်သေပြပြီးဖြစ်သလို Yongnam Holdings Limited ရဲ့ ဆောက်လုပ်ရေးကျွမ်းကျင်မှုနဲ့ ဂျပန်လုပ်ငန်းဘက်ဖြစ်တဲ့ JGC Corporation ရဲ့ ပြောင်မြောက်တဲ့ အင်ဂျင်နီယာအတတ်ပညာအစွမ်းဟာ ဟံသာဝတီလေဆိပ်ကြီးကို ဒေသတွင်းနိုင်ငံများအကြားမှာ ထင်ရှားစေမှာဖြစ်တဲ့အပြင် မြန်မာနိုင်ငံသားတွေအတွက်လည်း ဂုဏ်ယူစရာလေဆိပ်ကြီးဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး Mr. Robert Chua က ပြောသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၂၀၂၂ ခုနှစ်တွင် ပြီးစီးလည်ပတ်နိုင်ရေး စီမံကိန်းလျာထားဆောင်ရွက်နေပြီး ပထမအဆင့်အနေဖြင့် ခရီးသည် ၁၂ သန်းနှင့် ကုန်တန်ချိန်တစ်သိန်းလက်ခံဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ခရီးသည် သန်း ၃၀ အထိ လက်ခံဆောင်ရွက်သွားနိုင်ရေးအတွက် လျာထားပြီး အနာဂတ်တွင် တိုးတက်မြင့်မားလာမည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက်နှစ်ရှည်စီမံကိန်းရေးဆွဲဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။ ယင်းလေဆိပ်ကြီးပြီးစီးသွားပါက မြန်မာနိုင်ငံ၏ အဓိကအချက်အချာအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ဆက်လက်အသုံးပြုသွားမည်ဟု သိရသည်။ ယင်းအပြင် လေဆိပ်နှစ်ခုအကြား ဆက်သွယ်ဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာလေကြောင်းများမှ ဆင်းသက်ရပ်နားမှုနှင့် လေဆိပ်နှစ်ခုသို့ ဆက်သွယ်သွားလာမှုဆိုင်ရာတို့တွင် အဆင့်မြင့်အမြန်လမ်း၊ ရထားလမ်းများ ဆက်သွယ်ဖောက်လုပ်မှုဆိုင်ရာတို့ကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းချိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ဆုနှင်းလွဲ

ကျေးလက်ဒေသဖွံ့ဖြိုးရန် e-villa gate တိုင်းတာရေးလုပ်ငန်း မုံရွာမြို့နယ် ကံပြားကြီးကျေးရွာတွင် စတင်

မုံရွာ ဇန်နဝါရီ ၃၀

ကျေးရွာပေါင်း ၆၀၈၇ ရွာရှိသော စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် e-villa gate တိုင်းတာရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်မှ စတင်၍ မုံရွာမြို့နယ် ကံပြားကြီးကျေးရွာမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင် ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်ထံမှ သိရသည်။

"သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာရှိတဲ့ ကျေးလက်ဒေသတွေဟာ ဒေသထွက်ကုန်တွေကို အချိန်တိုအတွင်းမှာပဲ အွန်လိုင်းနည်းပညာကနေ စျေးကွက်တင်ရောင်းနိုင်ပါတယ်" ဟု ဒေါ်နိုင်နိုင်မော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ Information Communication Technology(ICT) အခန်းကဏ္ဍကို ထည့်သွင်းအသုံးပြုလာမည်ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးမှု အရှိန်အဟုန်မှာ ယခုထက် ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း မုံရွာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက Japan Telecommunication Engineering And Consulting Service အဖွဲ့နှင့်ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဖွံ့ဖြိုးလာစေရန် e-villa gate တိုင်းတာရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်က မုံရွာမြို့နယ် ကံပြားကြီးကျေးရွာကို ရွေးချယ်သတ်မှတ် လုပ်ကိုင်လျက်ရှိသည်။

သတ်မှတ်လုပ်ကိုင်နေသော ကံပြားကြီးကျေးရွာတွင် ဒေသခံများအနေဖြင့် မိရိုးဖလာဖိနပ်လုပ်ငန်းကိုလုပ်ကိုင်သလို မြန်မာ့ရိုးရာရက်ကန်းရက်လုပ်ငန်းဖြင့် ဆက်စပ်၍ အိန္ဒိယနယ်စပ် အိုက်ဇောနယ်နည်းပညာဖြင့် ရက်လုပ်သည့် အိုက်ဇောထည်များကို ထုတ်လုပ်နေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

စာအုပ် စာပေ၊ လူမိတ်ဆွေ

မျှစ်ကြိုက်လျှင် ဘယ်လိုစားမလဲ

မျှစ်သည် ရှေးနှစ်ပေါင်းတစ်ရာခန့်က ကျေးလက်တောရွာများတွင် စားသုံးသည့်အစာဖြစ်သော်လည်း တဖြည်းဖြည်း မြို့နေလူတန်းစားများပါစားသုံးသည့် အစားအစာဖြစ်လာသည်။ စားသုံးမှုများလာသောအခါ ကြိုက်နှစ်သက်သူများ ရာသီမရွေးစားသုံးနိုင်ရန် မျှစ်အစိုသာမက အချဉ်စိမ်ပြီး မျှစ်ချဉ်ပါပြုလုပ်ရောင်းချ စားသုံးလာကြသည်ကို တွေ့ရသည်။

မျှစ်၏အရသာမှာ ချို၊ ပူ၊ ဖန်၊ စပ် အရသာလေးမျိုးရှိသည်။ မျှစ်ချဉ်ပြုလုပ်လျှင် အချိုဓာတ်ပျောက်သွားပြီး ချဉ်၊ ပူ၊ ဖန် အရသာသို့ ပြောင်းသွားသည်။ မျှစ်၏အရောင်မှာ အဖြူရောင်နှင့် ဝါဖန့်ဖန့်အရောင်ဖြစ်သည်။ အနီရောင်မျှစ်များမှာ ဆိုးဆေးဆိုး၍ ရောင်းချခြင်းဖြစ်သည်။ ဆိုးဆေးသည် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဗေဒပစ္စည်းဖြစ်သဖြင့် သဘာဝအရောင်ရှိသော မျှစ်ကိုသာ စားသုံးသင့်သည်။

မျှစ်သည် အမျှင်ဓာတ်များသော အစားအစာ၊ ဝမ်းမီးတောက်စေသော အစာဖြစ်သဖြင့် အစာခြေစနစ်ကို အထောက်အကူပြုသည်။ ပူသောအစာဖြစ်သော်လည်း ဝမ်းမချုပ်ဘဲ ဝမ်းကိုမှန်စေနိုင်သည်။ ခံတွင်းပျက်သူများသည် မျှစ်အစိမ်းကို ဟင်းချိုချက်စားခြင်း၊ အမျှင်များဖြစ်အောင်ခြစ်ယူပြီး အသုပ်ပြုလုပ်စားခြင်းဖြင့် ခံတွင်းကောင်းပြီး အစာစားချင်စိတ်ဖြစ်ပေါ်လာစေမည်။

မျှစ်နှင့်ရောချက်သော ချဉ်ပေါင်ဟင်းသည် မြန်မာလူမျိုးများ အကြိုက်ဖြစ်သည်။ ဆောင်းဥတုဌ် မျှစ်နှင့်ချဉ်ပေါင်ဟင်းတွင် ငရုတ်သီးစိမ်းတောင့်များထည့်ချက်ပြီး စိမ်းစားငါးပိ ထောင်းနှင့်စားသော ထမင်းပွဲသည် အလွန်နှုတ်မြိန်ပြီး စားကောင်းသောရိုးရာအစားအစာဖြစ်သည်။

မျှစ် သို့မဟုတ် မျှစ်ချဉ်ကို ငါးခေါင်းနှင့် ချဉ်ရည်ဟင်းချက်စားလျှင် အလွန်ကောင်းသည်။ ငါးကြင်းခေါင်းများကို ချဉ်ရည်ဟင်းချက်စားလျှင် အလွန်ကောင်းသည်။ ငါးကြင်းခေါင်းများကို ချဉ်ရည်ဟင်းချက်ရန်အတွက် စေ့များတွင် သီးသန့်ရောင်းချသည်ကို ဝယ်ယူ၍ မျှစ်စိမ်းများနှင့်လည်းချက်သည်။ အချို့က မျှစ်ချဉ်နှင့်လည်း ချက်သည်။ မျှစ်ချဉ်အမျိုးမျိုးရှိရာ ဝါးပိုးဝါးပင်မှထွက်သော အစို့ပေါက် 'ဝါးပိုးမျှစ်' မျှစ်ချဉ်က ပို၍စားကောင်းသည်။ နူးညံ့၍ အသားပေါသည်။

မျှစ်နှင့် ဝက်သားရောချက်သော ဟင်းလျာများမှာလည်း မြန်မာတို့အကြိုက်ဟင်းလျာဖြစ်သည်။ ဝက်သားကို သူ့ချည်းချက်လျှင် မနူးလွယ်၊ မျှစ်ချဉ်နှင့်ရောချက်လျှင် နူးလွယ်သည်။ စားရ၍လည်း ကြေလွယ်သည်ဟုဆိုသည်။ သို့သော် ဝက်သားနှင့်မျှစ်ချဉ်ဟင်းသည် သွေးတိုးရောဂါရှိသူများနှင့် မသင့်သောအစာဖြစ်သဖြင့် သတိဖြင့် စားသုံးရမည်ဖြစ်သည်။

မျှစ်သည် မြေကြီးအတွင်းမှ ထွင်းဖောက်ထွက်လာသောအရာဖြစ်သဖြင့် အတက်စာဟုယူဆသည်။ ပထဝီဂိုဗေဒက်သဖြင့် ဝါယောအားများသောအစာ၊ လေစာဟုလည်းယူဆသည်။ လေစာမှန်သမျှ သွေးတိုးစေနိုင်သည်။ သွေးဖိအားနှင့် သွေးပေါင်ကို တက်စေနိုင်သည်ဟုယူဆရမည်ဖြစ်သည်။ သွေးတိုးရောဂါရှိလျှင် မစားသင့်သောအစာဖြစ်သည်ဟု ဆိုနိုင်သည်။ မျှစ်ကိုကြိုက်၍စားမိလျှင် ဖြေစာအဖြစ် ထမင်းစားပြီးလျှင် ထန်းလျက်ခဲအနည်းငယ် စားသုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။

လေးဖက်နာရောဂါရှိသူများသည် အစို့အညောက်များနှင့် မတည့်ပေ။ ပဲစေ့မှ အညောက်ပေါက်လာသော ပဲပင်ပေါက်နှင့်မတည့်သကဲ့သို့ မျှစ်သည်လည်း မြေကြီးထဲ ဝါးပင်အမြစ်မှ အညောက်ပေါက်လာသဖြင့် မတည့်၊ လေးဖက်နာရောဂါ တိုးစေသည်။ အဆစ်များကို ရောင်စေနိုင်သည်။ ဒူလာရောဂါဟုခေါ်သည့် ခြေမဆစ်၊ ခြေမျက်စိ အဆစ်ရောင်သည့် ဂေါက်ရောဂါနှင့်လည်း မသင့်ပေ။ ရှေးဆေးကျမ်းများတွင် မျှစ်ကို နွားနို့နှင့် တွဲမစားရဟုလည်း ဆိုသည်။

မျှစ်၊ မျှစ်ချဉ်၊ တည်ငံသီး စသောအစာများသည် ဘေးထွက်ဆိုးကျိုးရှိသော အစာများဖြစ်သော်လည်း မြန်မာလူမျိုးများ၏ မီးဖိုချောင်နှင့်မကင်းနိုင်သော အစားအစာများ၊ အိမ်ရှင်မများကြိုက်သည့် အစားအစာများဖြစ်သဖြင့် သတိဖြင့် ဆင်ခြင်စားသုံးရန်လိုသည်။ မျှစ်ကို ပြုတ်ရည်နှစ်ရည်ခန့် သွန်ပစ်ပြီးမှ စားသုံးသင့်သည်ဟုဆိုသည်။ တည်ငံသီးပြုတ်သကဲ့သို့ပင် မျှစ်ပြုတ်လျှင် ထန်းလျက်ခဲနှစ်ခဲ၊ သုံးခဲထည့်ပြုတ်ခြင်းဖြင့် မျှစ်အဆိပ်အတောက်ကင်းစေနိုင်သည်ဟု သိရသည်။

မျှစ်ကို ယောအတွင်းဝန် ဦးဘိုးလှိုင်၏နာမည်ကျော် ဥတုဘောဇနသင်္ဂဟကျမ်းတွင် မျှစ်ဟု အမည်တပ်မခေါ်၊ ဝါးညောက်ဟု သုံးနှုန်းထားသည်ကိုတွေ့ရသည်။ ပူပြီး သလိပ်ကို နိုင်သည်ဟု ပြဆိုထားသည်။

ဝါးညောက်သည် ချို၏၊ ဖန်၏၊ ပူ၏၊ လေသလိပ်ကို ပျက်စေတတ်၏။ ဤကားသုတကျမ်းအလို၊ ဘာဝပ္ပကာသကျမ်း၌ကား ဝါးညောက်သည် ချို၏၊ ဖန်၏၊ ဝမ်းမီးချက်ပြီးနောက် (ကျေညက်ပြီးအရသာ) စပ်၏၊ အဆီမရှိ၊ ကြေခဲ၏။ ပူ၏။ ခံတွင်း၌ ပျို့လွယ်၏၊ ဒေါသသုံးပါးကို ပျက်စေတတ်၏ဟုဆို၏။ ဒဗ္ဗဂုဏ္ဏကျမ်း၌ကား ချို၏၊ ဖန်၏၊ ပူ၏၊ သလိပ်ကိုနိုင်၏ဟုဆိုသည်။

(ဥတုဘောဇနသင်္ဂဟကျမ်း . . . အညောက်အမျိုးမျိုးတို့၏အကျိုးဂုဏ်မှ ကောက်နုတ်ချက်။)

ကြည်လွင်မြင့် (မုဒြာ)

တရုတ်မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်ဖြစ်ခွင့်ရလာတဲ့ ပထမဦးဆုံးသော တောင်ကိုရီးယားအနုပညာရှင်

အေးပြည့်-စုစည်းရေးသားသည်

တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ "CNBLUE"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယွန်ဟွာသည် တရုတ်နိုင်ငံ၏ နာမည်ကျော်မဂ္ဂဇင်းတစ်ခုဖြစ်သည့် "ELLE" မဂ္ဂဇင်း၏ မတ်လထုတ် မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံခဲ့ရကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့သည်။

ယခုကဲ့သို့ "ELLE"မဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်အဖြစ် ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရသည့်အတွက် ယွန်ဟွာသည် တရုတ်မဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်ဖြစ်ခွင့်ရခဲ့သည့် ပထမဦးဆုံးသော တောင်ကိုရီးယား အနုပညာရှင်တစ်ဦးဖြစ်လာခဲ့သည်။

ယွန်ဟွာမျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးခဲ့သည့် မတ်လထုတ်မဂ္ဂဇင်းသည် "Voice of ELLE" ထုတ်ဝေသည့် နှစ် (၇၀)ပြည့် အထိမ်းအမှတ် အထူးထုတ်မဂ္ဂဇင်းဖြစ်သည်။

ယွန်ဟွာသည် ဂီတလောကတွင် အောင်မြင်သော အဆိုတော်တစ်ဦး အဖြစ်သာမက သရုပ်ဆောင်လောကတွင်လည်း အတိုင်းအတာတစ်ခုအထိ နေရာရနေပြီဖြစ်သော မင်းသားတစ်လက်လည်း ဖြစ်သည်။ သူသည် ၂၀၀၉ ခုနှစ်က SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သော ရုပ်သံဇာတ်လမ်းတွဲ "You're Beautiful"တွင် မင်းသမီး ပုံ့ခ်ရှင်ဟေးနှင့်တွဲဖက်၍ ဒုတိယ မင်းသားနေရာမှ ပါဝင်သရုပ်ဆောင်ခဲ့ကာသရုပ်ဆောင်လောကသို့ ခြေချခဲ့ပြီး လတ်တလောအထိ ဇာတ်လမ်းတွဲနှင့် ရုပ်ရှင်ဇာတ်ကားပေါင်းခြောက်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

ဂီဂီနဲ့ သူငယ်ချင်းကောင်းတွေပါပဲလို့ ဆိုလာတဲ့ ဇေမာလိခ်

မကြာသေးမီက ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"ကနေ နုတ်ထွက်သွားခဲ့တဲ့ ဇေမာလိခ်ဟာ သူ့ရဲ့စေ့စပ်ထားတဲ့ချစ်သူ "Little Mix" တေးဂီတအဖွဲ့ဝင် ပါရီအက်ဒ်ဝပ်စ်နဲ့ လမ်းခွဲပြီးတဲ့နောက် ဟောလိဝုဒ်ရဲ့ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သူ ဂီဂီဟာဒစ်ဒ်နဲ့ တွဲသွားတဲ့လာလုပ်ခဲ့ပါတယ်။ ဟောလိဝုဒ်အသိုင်းအဝိုင်းကလည်း သူတို့နှစ်ဦးကို ချစ်သူတွေဖြစ်နေကြပြီလို့ လက်ခံထားခဲ့ပါတယ်။ ဒါပေမယ့် ဇေက သူနဲ့ ဂီဂီတို့ဟာ အလွန်ရင်းနှီးကြတဲ့ သူငယ်ချင်းတွေဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဇန်နဝါရီ ၂၈ရက်မှာ အက်ပဲလ်တေးဂီတနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ အသက် (၂၃)နှစ်အရွယ် အဆိုတော်ဇေက သူနဲ့ အသက်(၂၀)ရှိပြီဖြစ်တဲ့ ဂီဂီတို့ကြားက ဆက်ဆံရေးဟာ သူငယ်ချင်းကောင်းဆိုတဲ့အတိုင်းအတာထက် မပိုကြောင်း ဖွင့်ဟခဲ့တာပါ။

သူတို့နှစ်ဦးကို ဂီဂီရဲ့ချစ်သူဟောင်း အဆိုတော် ဂျိုဂျိုးနက်နဲ့ ဂီဂီတို့ လမ်းခွဲခဲ့ပြီး သီတင်းပတ်သုံးပတ်ခန့်အကြာမှာ ဟောလိဝုဒ်ရဲ့ လမ်းမပေါ်မှာ အတူလက်တွဲပြီး တွေ့ခဲ့ရပါတယ်။ အဲဒီအချိန်ကစလို့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို မီဒီယာတွေက အမြဲအကဲခတ်စောင့်ကြည့်ခဲ့ကြပါတယ်။ အဲဒီနောက် သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ အကြိမ်ကြိမ်တွေ့မြင်ခဲ့ရပါတယ်။ ဝက်စ်ဟောလိဝုဒ်မှာလည်း အတူချိန်းဆိုတွေ့ဆုံကာ ညစာစားပြီး လက်ချင်းတွဲလို့ ဓာတ်ပုံတွေတောင်အရိုက်ခံခဲ့ပါသေးတယ်။ သူတို့နဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေကတော့ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြပြီလို့ ပြောဆိုခဲ့တာတွေရှိတဲ့အတွက် ဒေသခံမီဒီယာတွေက သူတို့ကို ချစ်သူတွေအဖြစ် ပြောဆိုရေးသားခဲ့ကြပါတယ်။

ဒါပေမယ့် ကာယကံရှင်နှစ်ဦးက သူတို့နှစ်ဦးကြားကဆက်ဆံရေးကို တရားဝင်ထုတ်ဖော်ပြောဆိုခြင်းမျိုး မရှိခဲ့ပါဘူး။ ယခုတစ်ကြိမ် ဇေကိုယ်တိုင်ရင်ဖွင့်ခဲ့တာဟာ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးနဲ့ပတ်သက်လို့ ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြောဆိုခြင်းပဲ ဖြစ်ပါတယ်။

ကောလာဟလတွေကြားက တစ်ဖနီနဲ့ ဂရေး

တောင်ကိုရီးယားရဲ့ ဂီတလောကမှာ ကျော်ကြားသူတွေဖြစ်ကြတဲ့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဖနီနဲ့ ရက်ပ်အဆိုတော်တစ်ဦးဖြစ်သူ ဂရေးတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း ဒေသတွင်းမီဒီယာတွေက သုံးသပ်ရေးသားခဲ့ကြပါတယ်။

အဆိုပါကောလာဟလနဲ့ ပတ်သက်ပြီး ကာယကံရှင် နှစ်ဦးက တစ်စုံတစ်ရာ တုံ့ပြန်ခဲ့ခြင်းမရှိခဲ့ပေမယ့်လည်း တစ်ဖနီရဲ့ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ အက်စ်အမ် အန်တာတိန်းမန့်မှ တာဝန်ရှိသူ တစ်ဦးကတော့ ယင်းကောလာဟလတွေဟာ အခြေအမြစ်မရှိကြောင်းနဲ့ မှားယွင်းကြောင်း ထုတ်ဖော်ပြောကြားလိုက်တယ်လို့ စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဒေသတွင်း မီဒီယာတစ်ခုဖြစ်တဲ့ "Daily Sport" သတင်းစာက တစ်ဖနီနဲ့ ဂရေးတို့ချစ်သူတွေဖြစ်နေကြတာ သုံးလခန့် ကြာခဲ့ပြီဖြစ်တယ်လို့ ရေးသားဖော်ပြခဲ့ပြီးတဲ့နောက် ဇန်နဝါရီ ၂၉ရက်မှာ အက်စ်အမ်အန့်တာတိန်းမန့်က "တစ်ဖနီနဲ့ ဂရေးတို့ဟာ အလုပ်လုပ်ရင်းစတင်သိကျွမ်းခဲ့တာပါ။ သူတို့နှစ်ဦးရဲ့ ခင်မင်မှုက ရိုးရိုးသားသားပါပဲ။ တစ်ဖနီက အမေရိကန်လူမျိုးစပ်တဲ့သူတစ်ဦးဖြစ်တော့ သူ့ရဲ့ ပွင့်လင်းတဲ့နေထိုင်ဆက်ဆံပုံတွေကြောင့် တစ်မျိုးထင်စရာတွေ ဖြစ်ကြရတာပါ"လို့ တစ်ဖနီဘက်က ကာကွယ်ပြောဆိုခဲ့ပါတယ်။

တေးဂီတလောကမှ သူတို့နှစ်ဦးနှင့် ရင်းနှီးသူတစ်ဦးက "သူတို့နှစ်ယောက်ကို သီချင်းတွေအကြောင်း၊ အလုပ်အကြောင်း ဆွေးနွေးနေတာလည်း တွေ့မြင်ရပါတယ်။ သာမန်နှစ်ဆယ်ကျော်အရွယ်တွေလိုပဲ ချိန်းဆိုတွေ့ဆုံကြတာကိုလည်း တွေ့ရတယ်"လို့ ဆိုပါတယ်။ အခြားရင်းနှီးတဲ့သူတစ်ဦးကလည်း "သူတို့နှစ်ယောက်စလုံးက အခြားသူတွေကို ဂရုမစိုက်တတ်ဘူး။ သူတို့တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့ သံယောဇဉ်ကို ပွင့်ပွင့်လင်းလင်းပဲ ဖော်ပြတာတွေ့ရတယ်။ သူတို့နှစ်ဦးချစ်သူတွေ ဖြစ်နေကြပုံရပါတယ်။ သူတို့နှစ်ယောက်ရဲ့အကြောင်းဟာ ကိုရီးယားရုပ်သံအဆိုတော်တွေကြားမှာ တကယ်ကိုရေပန်းစားတဲ့ အကြောင်းပါ"လို့ ပြောကြားခဲ့ပါတယ်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၃၁ - ၁ -၂၀၁၆ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Business NEWS
- ၈း၃၅ အောင်မြင်သူနှင့်အတူ [ဦးကျော်မြတ်မိုး (ခိုင်ခိုင်ကျော်(မြန်မာထမင်းဆိုင်))]
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ ကဗျာရိပ်မြုံ "ယုန်နှင့်လိပ်"
- ၁၁း၁၅ ချစ်သောဤကမ္ဘာမြေ
- ၁၁း၃၅ ရွှေပြောင်းအလုပ်သမား အစီအစဉ်
- ၁၂း၅၀ ဖြူ/မည်းရုပ်ရှင် "ကြားရမြင်ရသောသံယောဇဉ်" (လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွန်း)
- ၃း၁၅ Ooredoo MNL-1 2016
- ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေယူနိုက်တက် အသင်း နှင့်ရှင်းယူနိုက်တက် အသင်း)
- ၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၇း၁၅ ဟိုးတုန်းကရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "မုဝိုင်မေတ္တာ" (ဇာတ်သိမ်း)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း - Tasty Trip(ဂျပန်ဘုရား(သို့) အောင်ဇမ္ဗူတောရမ္ဘရိပ်သာ) - ဆိုကြမယ်၊ ပျော်ကြမယ်

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၄)
- ၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရှည်ရှည်ထွေးထွေး ကိုယ့်ရင်သွေး" (နိုင်းနိုင်း၊ ထွန်းအိန္ဒြာပို) (ဒါရိုက်တာ- ခင်စောမျိုး)
- ၇း၅၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၈း၁၀ "ယက္ခန်းကိုပြင်ပန်းကိုဆင်ပြဇာတ်"
- ၈း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၉း၁၀ "ကိုင်းထိုး" (စိုးလွှ၊ ဇင်မာဦး၊ အိတုံ၊ အိန္ဒြာမိုးမြင့်) (ဒါရိုက်တာ-ဇော်မင်းပိုက် (S.M))
- ၉း၅၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ချစ်ပန်းဝေ"(ရဲအောင်၊ သူထူးစံ၊ မေသန်းနု၊ ဆောင်းအိန္ဒြထွန်း) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွန်း)

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ချမ်းသာလေးမျိုး" တရားတော် (ဆရာတော် အရှင်အာဒိစ္စ)
- ၈း၀၀ Cartoon Series (English Play ground)
- ၈း၃၅ Cartoon View
- ၉း၀၀ Weekly Sport Diary
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၇)
- ၁၀း၁၅ ခေတ်သစ်ယျိမေ
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၁+၂၂)
- ၁း၀၀ "ချမ်းသာလေးမျိုး"တရားတော် (ဆရာတော်အရှင်အာဒိစ္စ)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရန်ပြယ်နှင်းဆီ(အပိုင်း-၁)]
- ၃း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၈)
- ၄း၂၅ Cartoon View
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၉)
- ၇း၂၀ Fashion Week
- ၇း၄၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရန်ပြယ်နှင်းဆီ (အပိုင်း-၂)]
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၃+၂၄)
- ၄း၁၀ World of Knowledge (Ghost Ship:Resurrection)

mitv

- 07:03 News
- 07:26 Continuation In Rural Tradition
- 08:03 News
- 08:26 Discovering Tribes "Lisu: Their Life and Customs" (Part- I)
- 08:48 To The Blue Ridge Mountains of Rhododendnons
- 09:03 News
- 09:26 Manuha Temple Festivities
- 09:44 Kyauk Phyu Township
- 09:52 Great Minds of Myanmar (Anthropologist U Kyaw Win)
- 10:26 Myanmar's Beauty and Nature "Beach"
- 10:52 Products of Myanmar - Products Of The Loom
- 07:25 Bagan: The Land of Pagoda
- 07:50 Today Myanmar
- 08:26 The Writer: Chit Oo Nyo (Part II)
- 08:55 Now in Yangon

အားကစား

မန်ယူက ဒါဘီကို အနိုင်ကစားပြီးနောက် အက်ဖ်အေဖလား အိပ်မက်မက်နေပြီဖြစ်တဲ့ဗန်ဟားလ်

အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် မန်ယူအသင်းက ဒါဘီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ပြီးနောက် မန်ယူနည်းပြကြီး ဗန်ဟားလ်က အက်ဖ်အေဖလားမှာ ဗိုလ်စွဲဖို့ အထိအိပ်မက်မက်နေပြီဖြစ်ပါတယ်။ မန်ယူဟာ ပွဲကစားချိန် ၁၆ မိနစ်မှာ ရွန်းနီက အဖွင့်ဂိုးသွင်းယူနိုင် ခဲ့ပေမယ့် ဒါဘီမှ သော်နီက ၃၇ မိနစ်မှာ ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့လို့ ရှုန်းကန်ခဲ့ရပါသေးတယ်။ ဒါပေမယ့် ဒါဘီနောက်တန်းကစားသမားတွေက မာရှယ်လန့် မာတာတို့နှစ်ဦးကို မထိန်းနိုင်ခဲ့လို့ ၆၅ မိနစ်မှာ ဘလိုင်းက ဒုတိယဂိုး၊ ၈၃ မိနစ်မှာ မာတာက မန်ယူအတွက် အနိုင်သေချာစေမယ့် တတိယဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။

နည်းပြဗန်ဟားလ်ကတော့ အက်ဖ်အေဖလားက အင်္ဂလန်ဘောလုံးလောကမှာ သက်တမ်းအရှည်ကြာဆုံးနဲ့ ဂုဏ်သိက္ခာကြီးမြင့်တဲ့ ဖလားတစ်လုံးဖြစ်တာကြောင့် မန်ယူအနေနဲ့ ချန်ပီယံဆု ဆွတ်ခူးဖို့ကြိုးစားသွားမယ်လို့ဆိုပါတယ်။ ဒါပေမယ့် ကွင်းလယ်ကစားသမား မာတာကတော့ သူတို့အနေနဲ့ ဝင်ဘလေကွင်းမှာ ဗိုလ်လုပွဲကစားဖို့ လောလောဆယ် မစဉ်းစားထားသေးဘဲ ပြိုင်ပွဲအပေါ် တစ်ဆင့်ပြီး တစ်ဆင့် ချဉ်းကပ်သွားမှာဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

ဗန်ဟားလ်က "မန်ယူအသင်းက အက်ဖ်အေဖလားမရတာ နှစ်တော်တော်ကြာသွားပါပြီ။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီလိုဂုဏ်သိက္ခာကြီးမြင့်တဲ့ဖလားကိုရယူဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ဒါက မန်ယူဟာ အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်မယ်လို့ အပိုင်ပြောထားတာ မဟုတ်ပါဘူး"လို့ ပွဲအပြီးမှာ ပြောခဲ့ပါတယ်။

ဒါပေမယ့် ဒါဘီနည်းပြ စီမန့်ကတော့ မန်ယူအသင်းရဲ့ ပြိုင်ဘက်ဂိုးဧရိယာထဲ လှုပ်ရှားမှုနဲ့ အဆုံးသတ်မှုတွေက အနည်းငယ်ကွဲပြားမှုရှိနေပေမယ့် ကောင်းမွန်တဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့တာတော့သေချာပါတယ်လို့ ဆိုခဲ့ပါတယ်။ မန်ယူက ယခုပွဲမှာ ဘောလုံးပိုင်ဆိုင်မှု ၆၀ရာခိုင်နှုန်းလောက်အထိ ရှိခဲ့ပြီး ဂိုးပေါက်ကန်သွင်းမှု ၁၃ ကြိမ်အထိ ရှိခဲ့ပါတယ်။ ဒုတိယပြင် မန်ယူအသင်းက ကယ်ဝီတယ်ဝမ်းဖလားနဲ့ ချန်ပီယံလီဂ် ဖလားပြိုင်ပွဲတွေကလည်း ထွက်ခွာခဲ့ရပြီဖြစ်သလို ပရီမီယာလီဂ်အမှတ်ပေးဇယားမှာလည်း အဆင့်(၅)နေရာ အထိရောက်ရှိနေလို့ အက်ဖ်အေဖလားကို အာရုံစိုက်နေတာ သေချာပါတယ်။ နည်းပြဗန်ဟားလ်က အခုပွဲမှာ မန်ယူရဲ့ကစားကွက် အခင်းအကျင်းကို အသေအချာ ပြင်ဆင်ထားသလို အဓိက ကစားသမားတွေနဲ့သာ ပွဲထွက်ကစားစေခဲ့လို့ ဒီနှစ်ကလပ်အသင်းရဲ့အဓိကပစ်မှတ်က အက်ဖ်အေဖလားဆိုတာ ထင်ရှားနေပါတယ်။

ချီယေပိုတိုက်စစ်မှူး ပါလော့ချီအား ဆွမ်ဆီး စာချုပ်ချုပ်ဆို

ဆွမ်ဆီးအသင်းသည် နည်းပြအပြောင်းအလဲ ပြုလုပ်ပြီးနောက် ယခု ဇန်နဝါရီကာလ ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် ချီယေပိုအသင်းမှ တိုက်စစ်မှူး ပါလော့ချီအား သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ပြောင်းရွှေ့ကြေးကို တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိသော်လည်း ခန့်မှန်းတန်ဖိုးမှာ ပေါင်ရှစ်သန်းခန့် ဖြစ်သည်။ ဆွမ်ဆီးအသင်းသည် ပါလော့ချီအား အပြီးသတ် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်းကို ၎င်းတို့၏ တရားဝင် ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီးနည်းပြသစ်ဂေါ်ဒိုလင်မှာ အီတလီလူမျိုးဖြစ်သောကြောင့် သူ၏ ပထမဆုံးကစားသမားခေါ်ယူမှုမှာ လည်း အီတလီတိုက်စစ်မှူး ဖြစ်နေခဲ့ခြင်းမှာ မဆန်းကြယ်ကြောင်း Talksport ကရေးသားသည်။ ပါလော့ချီမှာ ဂေါ်ဒိုလင်လက်အောက် ပါးမားအသင်းတွင် နှစ်ရာသီခန့်ကစားခဲ့ဖူးပြီး သူ၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို အေစီမီလန်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပါးမား၊ ဂျီနိုအာ အသင်းများတွင်ကစားခဲ့ပြီး ၂၀၁၁ ခုနှစ် သြဂုတ်လတွင် ချီယေပိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ပါလော့ချီက ၎င်းအနေဖြင့် အီတလီမြေပြင်ပသို့ ထွက်ကစားချင်သည့်ဆန္ဒ အမြဲပြင်းထန်ခဲ့ကြောင်း၊ ပရီမီယာလီဂ်မှာ သူ၏အိပ်မက်လိဂ်တစ်ခုဖြစ်ကြောင်း၊ ဂေါ်ဒိုလင်လက်အောက် ပါးမားတွင် ကစားခဲ့ရစဉ်က ခြေစွမ်းပိုင်းများစွာတိုးတက်လာခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၃၁ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

အက်ဖ်အေဖလား (၃၂သင်းအဆင့်)

ကာလစ္စလီ	- အဲဗာတန်	ည-၈း၀၀
MKဒွန်းစ်	- ချယ်လ်ဆီး	ည-၁၀း၃၀

စီးရီးအေ

ချီယေပို	- ဂျူဗင်တပ်	ည-၆း၀၀
နာပိုလီ	- အမ်ပိုလီ	ည-၈း၃၀
ဂျီနိုအာ	- ဖီအိုရင်တီးနား	ည-၈း၃၀
တိုရီနို	- ဗီရိုနာ	ည-၈း၃၀
အူးဒီးနီးစ်	- လာဇီယို	ည-၈း၃၀
ဘိုလော့နာ	- ဆမ်ဒိုးရီးယား	ည-၈း၃၀
အေစီမီလန်	- အင်တာမီလန်	နံနက်-၂း၁၅

လာလီဂါ

ဆီဗီလာ	- လီဗန်တေး	ညနေ-၅း၃၀
ဗလင်စီယာ	- ဂီဂွန်	ည-၉း၃၀
လက်စ်ပါးမက်စ်	- ဆဲလ်တာဗီဂိုး	ည-၁၀း၄၅
ရီးယဲလ်မက်ဒရစ်	- အက်စ်ပန်ညိ	နံနက်-၂း၀၀

ဘွန်ဒက်စ်လီဂါ

ဝုဖ်ဘတ်	- ကိုလုံး	ည-၉း၀၀
ဘိုင်ယန်မြူနစ်	- ဟော့ဖန်ဟိမ်း	ည-၁၀း၀၀

မြင်သစ် လီဂူး

ကာအန်	- နိုက်စ်	ည-၇း၃၀
အော်ဒိုး	- ရန်းနက်စ်	ည-၁၀း၃၀
စိန့်အက်တီယန်	- ပီအက်စ်ဂျီ	နံနက်-၂း၃၀

မောင်မောင်ဇော်

ဂျက်ဝီရှိုင်းယား မတ်လတွင် ဘောလုံးပြန်လည်ကစားနိုင်မည်

အာဆင်နယ်ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားမှာ ပြီးခဲ့သည့် သြဂုတ်လကတည်းက ခြေထောက်ကျိုးသွားခဲ့သဖြင့် အနားယူနေခဲ့ရရာ လာမည့်မတ်လအတွင်း ဘောလုံးပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း နည်းပြဝင်းဂါးက အတည်ပြုပြောကြားခဲ့သည်။ ဝီရှိုင်းယား၏ ဒဏ်ရာပြဿနာမှာ ပြင်းထန်လွန်းသဖြင့် ယခုနှစ်ဘောလုံးရာသီတစ်ရာသီလုံး ပြန်လည်ကစားနိုင်မည်မဟုတ်ဟု အစောပိုင်းက ခန့်မှန်းခဲ့သော်လည်း ယခုမူ ၎င်းမှာ အပြေးလေ့ကျင့်ခန်းစတင်လုပ်ဆောင်နိုင်ပြီဖြစ်သောကြောင့် မတ်လအရောက်တွင် ပြန်လည်ကစားနိုင်တော့မည်မှာ သေချာနေပြီဖြစ်သည်။ ထို့ကြောင့် ၎င်းအနေဖြင့် အင်္ဂလန်အသင်းနှင့်အတူ ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရန်မျှော်လင့်နိုင်ပြီဖြစ်သည်။

ဝီရှိုင်းယားမှာ ခြေစွမ်းကောင်းမွန်သော်လည်း ဒဏ်ရာပြဿနာမကြာခဏတွေ့ကြုံနေရသူဖြစ်သဖြင့် ကလပ်အသင်းအတွက်ရော နိုင်ငံလက်ရွေးစင်အတွက်ပါ ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိပေ။ ၂၀၀၁ ခုနှစ်က ခြေချင်းဝတ်ဒဏ်ရာကြောင့် ၁၅ လခန့်အနားယူခဲ့ဖူးသလို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မန်ယူနှင့်ကစားခဲ့သည့်ပွဲမှ ရရှိခဲ့သော ဘယ်ခြေချင်းဝတ်ဒဏ်ရာကြောင့် ခွဲစိတ်မှုနှစ်ကြိမ်တိုင်ပြုလုပ်ခဲ့ရသေးသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီကာလမှစတင်သည့် ဒဏ်ရာရကစားသမားစာရင်းတွင် ဝီရှိုင်းယားမှာ ပရီမီယာလီဂ်၏ ဒဏ်ရာရရှိမှုအများဆုံးကစားသမားအဖြစ် နံပါတ်(၁)နေရာတွင် ရပ်တည်နေသည်။ ၎င်း၏ နောက်တွင် ဂါဘရီရယ်၊ စတားရစ်ချ်တို့က ဒုတိယနှင့် တတိယနေရာတို့တွင် အစဉ်လိုက်ရပ်တည်နေသည်။

ပါတိုနှင့် ချယ်လ်ဆီးအဝှားစာချုပ် ချုပ်ဆိုခဲ့ပြီ

ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်ဟု ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက သတင်းထွက်နေသူ အလက်ဇန္ဒြီးပါတိုမှာ ဆေးစစ်မှုများပြုလုပ်ပြီးနောက် ယခုနှစ် ဘောလုံးရာသီကုန်အထိ ချယ်လ်ဆီးတွင်ရှိနေမည့် အဝှားစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြ

သည်။ ပါတိုသည် ယခုနှစ်ဘောလုံးရာသီအတွင်း ဘရာဇီးကလပ် ကိုရင်သီယန်အတွက် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ရာ သူ့အား ဥရောပကလပ်အသင်းအတော်များများက ခေါ်ယူရန် ချိတ်ဆက်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ၎င်းအား ပရီမီယာလီဂ်ကလပ် ချယ်လ်ဆီးအပြင် လီဗာပူး၊ စပို့တင်းလစ္စဘွန်းနှင့် ဘင်ဖီကာတို့မှ ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ပါတိုမှာ ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်ဟု အစောပိုင်းကပင် နုတ်အားဖြင့် သဘောတူထားခဲ့သော်လည်း အခြားကလပ်အသင်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများလည်း လုပ်ဆောင်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် ချယ်လ်ဆီးကိုသာ ရွေးချယ်ခဲ့ပြီး ချယ်လ်ဆီးအတွက် ကစားပေးရမည်ဖြစ်သည့်အတွက် ကျေနပ်ပျော်ရွှင်မိကြောင်းလည်း ဆိုခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ်က ပရီမီယာလီဂ် ချန်ပီယံဖြစ်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် အမှတ်ပေးဇယားအဆင့်(၁၃)နေရာအထိရောက်ရှိနေရာ ပါတိုအား အဘားဖြင့်ခေါ်ယူခြင်းက ချယ်လ်ဆီး၏ထိပ်ဆုံးလေးနေရာ ဝင်ရောက်ရေးအိပ်မက်အတွက် ဆေးမြီးတိုဖြင့်ကုသခြင်းပင်ဖြစ်သည်ဟု ဝေဖန်မှုများလည်း ရှိနေသည်။

ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်က "ကျွန်တော်တို့ ပါတိုကိုခေါ်တာ တအားစွန့်စားရတဲ့ ရွေးချယ်မှုမဟုတ်ပါဘူး။ သူက နည်းစနစ်ပိုင်း ကျွမ်းကျင်ပြီးသားကစားသမားပါ"ဟု တို့ပြန်ပြောကြားခဲ့သည်။

ဓာတ်ပုံ- စုစည်းသည်

အမှတ်(၁၃၂) အစုန် လားရှိုး-မန္တလေးရထားပေါ်တွင် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ



သိမ်းဆည်းရမိ ဘိန်းဖြူထည့်ထားသော ရောင်စုံဆပ်ပြာခွက် (၈၈)ခွက် နှင့် စိတ်ကြွဆေးပြား ၄၄၀၀၀ တို့အား တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၃၀

အမှတ်(၁၃၂) အစုန် လားရှိုး-မန္တလေးရထားသည် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ကျောက်မဲဘူတာသို့ဆိုက်ရောက်စဉ် ရထား ရဲတပ်ဖွဲ့က ရထားပေါ်သို့ တက်ရောက်၍ ရှာဖွေစစ်ဆေးခဲ့ရာ ရိုးရိုးတန်း တွဲအမှတ် (၂) တွင် KQ တံဆိပ်ပါ တရုတ်စောင် နှစ်ထုပ်အား မသက်ဘဖွယ်ရာ တွေ့ရှိစစ်ဆေးရာ ရောင်စုံဆပ်ပြာခွက် (၈၈)ခွက် အတွင်းမှ ဘိန်းဖြူ ၈၈၀ ဂရမ်၊ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွဆေးပြားနှင့် (88)စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၄၄၀၀၀ တို့အား သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ်အောင်ဘိုဘိုဦးမှ သက်သေခံ ပစ္စည်းများအား သက်သေများရှေ့ ရှာဖွေပုံစံဖြင့် စနစ်တကျ ရေးသွင်း သိမ်းဆည်းပြီး တရားခံဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် နယ်မြေခံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

(ကြေးမုံ)

■

ကျွန်းခွဲသားများ သိမ်းဆည်းရမိ

ကျောက်တံခါး ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ပဲခူးရိုးမ တောင်ပေါ် ရဲနွယ်ကြိုးပိုင်း အကွက် အမှတ်၁၄ မြို့ချောင်း-မင်းလှ-စိန်ကန့်လန့်လမ်းပိုင်း မြန်မာ့သစ်ထုတ်လုပ်ငန်း ကားလမ်းဘေးတွင် ဇန်နဝါရီ ၂၇ ရက်က ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိခဲ့သည်။

ကျောက်တံခါးမြို့နယ် မြို့ချောင်း ဘိနယ်တာဝန်ခံ တောအုပ်ကြီး ဦးကျော်ခင် ဦးစီးအဖွဲ့သည် ရဲနွယ်ကြိုးပိုင်းအတွင်း တရားမဝင် ကျွန်းခွဲသား ၅၉ ချောင်း (၂ ဒသမ ၂၉၁၂ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး အဆိုပါသစ်များအား မြို့ချောင်းဘိနယ် သစ်တောရုံးသို့ သယ်ယူကာ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ချမ်းမြသာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃၀

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက် ၅၈ လမ်းနှင့် နှင်းဆီလမ်းထောင့်ရှိ မိသားစုလက်ဖက်ရည်ဆိုင်သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ စိုင်းအာကာကောင်း (ခ)အားကို အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက် ၅၆×၅၇ လမ်းကြား၊ A လမ်းနှင့် B လမ်းကြားနေ စိန်ဝင်း၏ နေအိမ်ကို ရှာဖွေရာ နေအိမ်တွင် ၎င်းနှင့်အတူ မနေနွယ်လင်း၊ မသန္တာလှိုင်တို့ သုံးဦးအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၁၉ ပြား၊ ငွေကျပ်တစ်သိန်းကျော်နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းအာကာကောင်း(ခ)အားကို (၂၃)နှစ်၊ စိန်ဝင်း (၄၂)နှစ်၊ မနေနွယ်လင်း (၃၃)နှစ်နှင့် မသန္တာလှိုင် (၂၃)နှစ်တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

စိုင်းအာကာကောင်း(ခ)အားကို၊ စိန်ဝင်း၊ မနေနွယ်လင်းနှင့် မသန္တာလှိုင်တို့ လေးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆိုင်ကယ်လုယက်သူများအား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းသို့ ဇန်နဝါရီ ၂၉ ရက် နံနက် ၄ နာရီက ကံကောက်ရပ်ကွက်နေ ဒေါ်ငြေးဝင်း(၄၆)နှစ် ရောက်ရှိလာပြီး ဇန်နဝါရီ ၂၈ ရက် ည ၁၁ နာရီက သားဖြစ်သူ ကျော်ဇေယျာထက်(ခ) အောင်ကိုဝင်း(၂၀)နှစ်သည် ၄၀ယ/------ Scoppyi အနက်ရောင်ဆိုင်ကယ်ဖြင့် ၂၆ လမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် ၆၀×၆၁ လမ်းကြားအရောက် ၃၄ယ/------ Scoppyi ဖြူ/ နက်ကြား ရောင်ဆိုင်ကယ်စီးနင်းလာသော အမျိုးသားနှစ်ဦးက ဆိုင်ကယ်အား ရပ်ခိုင်းပြီး ဓားဖြင့်ခုတ်ကာ ကျော်ဇေယျာထက်(ခ)အောင်ကိုဝင်း၏ ဆိုင်ကယ်ကို လုယူ မောင်းနှင်ထွက်ပြေးသွားသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေရာ ၂၆×၅၉ လမ်းထောင့်တွင် ၃၄ယ/------ Scoppyi ဖြူ/နက်ကြားရောင်ဆိုင်ကယ်နှင့် အမျိုးသားတစ်ဦးအား မသက်ဘဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ စိုင်းတာတာဟန်(၂၁)နှစ်ဖြစ်ပြီး ၎င်းသည် အောင်ပင်လယ်ရပ်နေ ရဲဝင်းလှိုင်(၂၀)နှစ်နှင့်အတူ အထက်ပါဖြစ်စဉ်မှ ကျော်ဇေယျာထက်(ခ) အောင်ကိုဝင်း၏ ဆိုင်ကယ်အားလုယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ ရဲဝင်းလှိုင်၏ နေအိမ်သို့ သွားရောက်ဖမ်းဆီးရာ သက်သေခံဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

သထုံ စိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်(တနင်္ဂနွေနေ့)တွင် သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး/ဆရာမကြီးတို့အား ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားစာ မရရှိသေးသော ဆရာကြီး/ဆရာမကြီးများနှင့်ကျောင်းသား/ကျောင်းသူဟောင်းများ ဤကြော်ငြာအား ဖိတ်စာသဘောထား၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
အလှူငွေများကို အောက်ပါကျောင်းသားဟောင်းများထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးစိန်လင်း ၀၉၈၇၂၀၂၃၂ ၂။ ဦးအောင်တင်စိန် ၀၅၃-၄၀၁၅၇ ၃။ ဒေါ်ငွေစု ၀၉၈၇၂၃၂၂၇
၄။ ဦးစိုးညွန့် ၀၉၅၀၅၃၃၀၄ ၅။ ဦးကျော်သောင်း ၀၉၄၅၀၀၃၇၃၃ ၆။ ဒေါ်နိုနိုအေး ၀၉၅၁၁၆၉၆
၇။ ဦးစောမြင့်အုန်း ၀၉၄၉၈၁၆၆၇ ၈။ ဦးဥာဏ်စိုးညွန့် ၀၉၄၂၅၂၆၄၇၁
၉။ သထုံကမ္ဘောဘာဏ် အကောင့်အမှတ် ၀၇၄၁၂၂၀၀၁၃၆၈

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ရောင်းသော/ဝယ်ဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ဗ‌ားရန်/ရောင်းရန်
သိမ်ဖြူလမ်းမကြီး၊ ကားမှတ်တိုင်အနီး၊ ကား Parking × 2 hrs Security ပါပြီး၊ ဓာတ်လှေကားပါပြီး။
Ph: 09-5152738, 01-394739

မွန်းလိုက် KTV
အောင်ဆန်း၊ အင်းစိန်
09-5116023, 09-254440925
KTV နှင့်ပတ်သက်သော ဝန်ထမ်းမျိုးစုံ အလိုရှိသည်။

အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၁၆ဖြင့် သုဓမ္မသိရီ ဒေါ်အေးအေးမာ(ဒါရိုက်တာ-သူရိယစန္ဒာဝင်းကုမ္ပဏီလီမိတက်)အား သီဟသုဓမ္မသိရီဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည် ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုးဘာသာသာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

ဦးစန်းမောင်
ထက်နိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်



ပြည်သူပိုင်သိမ်း လုပ်ရပ်များ ခွက်ခွက်လန်အောင်များ

ခေနရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့အတူယှဉ်တွဲရှိနေခြင်းဌာ မစွမ်းသာသဖြင့် ထိုစဉ်က ဆိုရှယ်လစ်အစိုးရအဖွဲ့၏ ခေါင်းဆောင်များက ပြည်သူပိုင်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

à ကိုရင်ညြ

ဇန်နဝါရီ ၂၁ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် (ဦး)ခင်မောင်မြင့် ရေးသားသော National-ization: A Grave Blunder ခေါင်းစဉ်ပါ ဆောင်းပါးကို ကျွန်ုပ်ဖတ်ရှုလိုက်ရပြီးနောက် မြန်မာတစ်မျိုးသားလုံးအတွက် ထူးခြားလေးနက်သည့် သမိုင်းသင်ခန်းစာတစ်ရပ်ကို ရင်သပ်ရှုမောအံ့ဩစွာ နားလည်သိရှိလိုက်ရပေရာ မမေ့ကောင်းမပျောက်ကောင်းသည့် ယင်းသင်ခန်းစာကို ပြည်သူတို့အား ပြန်လည်ဖောက်သည်ချရန် ကျွန်ုပ်ရိုးရိုးရွရွ ဖြစ်မိလေ၏။

ထိုဆောင်းပါးတွင် စာရေးသူက သူ၏ဘဝနှင့်ရင်းကာ ရရှိခဲ့သော သမိုင်းသင်ခန်းစာတစ်ရပ်ကို အိတ်သွန်ဖာမှောက် ဇာတ်ကြောင်းပြန် ရေးသားထားလေသည်။

လောကီထုပ္ပတ်လူတို့ဇာတ်ကို စိတ်ဝင်စားမိသူ ကျွန်ုပ်မှာ ဆောင်းပါးခေါင်းစဉ်ကို ဖတ်ရှုရုံမျှဖြင့်ပင် ရင်ခုန်သံ စည်းချက် ဒုံးချက်မြန်မိ၏။ အကြောင်းမူကား "ပြည်သူပိုင်သိမ်းခြင်းသည် မဟာအမှား (ခွက်ခွက်လန်အမှား)" ဟူ၍ ခေါင်းစဉ်တပ်ထားခြင်းကြောင့်တည်း။

၁၉၆၃ ခုနှစ်က မြန်မာနိုင်ငံ၌ ပြည်သူပိုင်သိမ်းခဲ့ရာတွင် သူထဲထဲဝင်ဝင် ပါဝင်ခဲ့ပုံကို နိဒါန်းခ်ီပြီးလျှင် ပြည်သူပိုင်သိမ်းသည့် လုပ်ငန်းစဉ်ကို ဖွင့်ဆိုရှင်းပြထားလေသည်။

"ခေနရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့ အတူယှဉ်တွဲရှိနေခြင်းဌာ မစွမ်းသာသဖြင့် ထိုစဉ်က ဆိုရှယ်လစ်အစိုးရအဖွဲ့၏ ခေါင်းဆောင်များက ပြည်သူပိုင်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ပထမတွင် တိုင်းရင်းသားပိုင်၊ နိုင်ငံခြားသားပိုင်ဟူ၍ မခွဲခြားဘဲ စက်မှုလက်မှုလုပ်ငန်းကြီးများ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် ကုမ္ပဏီကြီးများကို ပြည်သူပိုင်သိမ်းခဲ့သည်။ နောက်ပိုင်းတွင်မူ ဆောင်းပါးရှင် မသိနိုင်သော အကြောင်းတရားများအရ စီးပွားရေးလုပ်ငန်းငယ်များကိုပါ ပြည်သူပိုင်သိမ်းခဲ့သည်။ အက်ဖ်အာစီ (နိုင်ငံခြားသားမှတ်ပုံတင်) ကိုင်ဆောင်သူများ၏ လက်လီအရောင်းဆိုင်များကိုပင်မချန် ပြည်သူပိုင်သိမ်းခဲ့သည်" ဟူ၍ ဆောင်းပါးရှင်က နိဒါန်းပျိုး၏။

ပြည်သူပိုင်သိမ်းသည့် လုပ်ငန်းစဉ်၏ ပထမအဆင့်ကာလအတွင်း ၁၉၆၃ ခုနှစ် ဇွန် ၁ ရက်တွင် 'ခေနရှင်များ၏ ကိရိယာတန်ဆာပလာ' ဟု ဆိုအပ်သော စီးပွားရေးလုပ်ငန်းကြီးများကို ပြည်သူပိုင် သိမ်းခဲ့ပြီး ပြည်သူပိုင် သိမ်းခံရသော ပုဂ္ဂလိကလုပ်ငန်းပေါင်း ၁၅၀၀၀ ခန့်အထိရှိခဲ့သည်ဟု ဆိုသည်။

ပြည်သူပိုင်သိမ်းယူရေး တာဝန်ထမ်းဆောင်ခဲ့သူ ဆောင်းပါးရှင်သည် အဖွဲ့ဝင် ၁၂ ဦးပါ အဖွဲ့ကို ဦးဆောင်လျက် တွံတေးမြို့နယ်သို့ သွားရောက်ခဲ့ပုံ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သူ၏အဖွဲ့ကို လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပုံ၊ တွံတေးမြို့နယ်၌ ဆိုင် ၁၀ ဆိုင်အား ပြည်သူပိုင်သိမ်းရန် စီစဉ်ဆောင်ရွက်ခဲ့ပုံကို စာရေးသူက ရေးသားထားလေသည်။

ဆောင်းပါးရှင်သည် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ပြည်သူပိုင်သိမ်းခံရသော ဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ပထမဆုံးသော ဆိုင်တစ်ဆိုင်အရောက်တွင် သူတုန်လှုပ်ချောက်ချားမှု ဖြစ်သွားရပုံကို ဆက်လက်ညွှန်းဆိုသည်။

"ထိုဆိုင်လေးမှာ တဲကုပ်သာသာ အဆောက်အအုံ တစ်လုံးသာဖြစ်သည်။ အဆောက်အအုံတစ်လုံးထဲမှာပင် လူနေထိုင်ပြီး ကုန်စုံဆိုင်လေးတစ်ဆိုင်မျှသာဖြစ်သည်ကို တွေ့ရသည့်အခိုက်ဝယ် တုန်လှုပ်မိသည်။ ရောင်းချရန် သိုလှောင်ထားသော ပစ္စည်းဟူ၍လည်း မတွေ့မြင်ရ။ ဆိုင်ပိုင်ရှင်မှာ နိုင်ငံခြားသားတစ်ဦးဖြစ်ပြီး ဇနီးသည်မှာ ဗမာတစ်ဦးဖြစ်ကာ ကလေးလေးဦးရှိသည်။

"နောက်ဆိုင်တစ်ဆိုင်မှာလည်း ထူးမခြားနား။ အခြားဆိုင်များမှာလည်း ပို၍သာ ဆိုးရွားနေတော့သည်။ လက်လီလက်ကားရောင်းချပေးသော ကုန်စုံဆိုင်ကြီးတစ်ဆိုင်ကိုသာ တွေ့ရသည်။ ယင်းဆိုင်မှာ တစ်မြို့လုံးအတွက် အထောက်အပံ့ပေးနေသော ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်။ ဆိုင်နှစ်ဆိုင်မှာမူ ရှေးအခါက 'ကျူလယာဆိုင်' ဟု အမည်တွင်သည့် တိုလီမိုလီ(ပူလိနတ်စ) ပစ္စည်းရောင်းချပေးသော ဆိုင်များသာဖြစ်ကြသည်။"

တွံတေးရှိပြည်သူပိုင်သိမ်းခံရသော ဆိုင်များကို ကြည့်ရှုစစ်ဆေးပြီးနောက် သောင်းကျန်းသူလှုပ်ရှားမှုရှိတတ်သည့် ကျိုက်ထိုမြို့သို့ ရဲအစောင့်အရှောက်များနှင့်အတူ ဆက်လက်သွားရောက်ခံရပုံကို ဆောင်းပါးရှင်က ဆက်လက်ရေးသားထားသည်။ ထိုမြို့၌ ဗမာတစ်ဦးကို ဇနီးအဖြစ်ပေါင်းသင်းနေထိုင်လျက်ရှိသော နိုင်ငံခြားသားတစ်ဦးက ပိုင်ဆိုင်သည့် ဆိုင်တစ်ဆိုင်ကို ပြည်သူပိုင်သိမ်းခဲ့သည်။

ဆောင်းပါးရှင်သည် ယင်းနောက်တွင် တွံတေးမြို့သို့ ပြန်လာခဲ့သည်။

"ပြည်သူပိုင် သိမ်းခံခဲ့ရသော ဆိုင်များ၏ တစ်နေ့တာ ဝင်ငွေကို သိရှိနိုင်ရန် လယ်ဂျာစာရင်းကို ကြည့်ရှုသည်။ လက်ကားရောင်းချသော ဆိုင်ကြီးတစ်ဆိုင်မှအပ အခြားဆိုင်များ၏ ဝင်ငွေများမှာ မယ်မယ်ရရမရှိလှ။ မူလဆိုင်ရှင်များကို အရင်းရှင်များအဖြစ် သတ်မှတ်ထားသည့်တိုင် ဆိုင်ဝင်ငွေမှာ မပြောပလောက်ပေ။"

"နောက်တစ်နေ့တွင် ဆောင်းပါးရှင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ပထမဆိုင်၌ တွေ့ရသည့်ဖြစ်အင်ကြောင့် အံ့ဩရှင်က ဆက်လက်ရေးသားထားသည်။ ထိုမြို့၌ ဗမာတစ်ဦးကို ဇနီးအဖြစ်ပေါင်းသင်းနေထိုင်လျက်ရှိသော နိုင်ငံခြားသားတစ်ဦးက ပိုင်ဆိုင်သည့် ဆိုင်တစ်ဆိုင်ကို ပြည်သူပိုင်သိမ်းခဲ့သည်။

ဆောင်းပါးရှင်သည် ယင်းနောက်တွင် တွံတေးမြို့သို့ ပြန်လာခဲ့သည်။

